ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်)ဆန်းကြယ်သော ဤခန္ဓာငါးပါး တည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။ လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့။ Thursday 29 November 2018 ၉၄၈၅

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ပထမအကြိမ် ဘင်းမ်စတက်နိုင်ငံများမှ တရားစီရင်ရေးအကြီးအကဲများ စကားဝိုင်းဆွေးနွေးပွဲ တက်ရောက်ခဲ့



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ပထမအကြိမ် ဘင်းမ်စတက်နိုင်ငံများမှ တရားစီရင်ရေးအကြီးအကဲများ စကားဝိုင်းဆွေးနွေးပွဲ တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံတို့မှ တရားသူကြီးချုပ်များ၊ ဒုတိယတရားသူကြီးချုပ်နှင့် တရားသူကြီးများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၈**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ နိုဝင်ဘာ ၂၅ ရက်တွင် ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက်နိုင်ငံများမှ တရားစီရင်ရေးအကြီးအကဲများ စကားဝိုင်းဆွေးနွေးပွဲ "First Round Table of the Head of Judiciary of BIMSTEC (Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation) Countries" နှင့် နိုဝင်ဘာ ၂၆ ရက်တွင် ကျင်းပသည့် "အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနေ့အခမ်းအနား" (Constitution Day Celebrations) တို့သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုတရားသူကြီးချုပ်သည် ဘင်းမ်စတက်နိုင်ငံများမှ တရားစီရင်ရေးအကြီးအကဲများ၏ စကားဝိုင်းဆွေးနွေးပွဲတွင် အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ နီပေါနိုင်ငံ၊ ဘူတန်နိုင်ငံနှင့် အိမ်ရှင် အိန္ဒိယနိုင်ငံတို့မှ တရားသူကြီးချုပ်များ၊ ဒုတိယတရားသူကြီးချုပ်၊ တရားသူကြီးများနှင့်အတူ

စာမျက်နှာ ၃ ကော်လံ ၅ သို့

# ဂျာမနီနိုင်ငံ အထူးကုဆရာဝန်ကြီးများ ရခိုင်ပြည်နယ်အတွင်း အခမဲ့ခွဲစိတ်ကုသ



**စစ်တွေ နိုဝင်ဘာ ၂၈**

ပြည်တွင်း၊ ပြည်ပ သာသနာပြု အလိုတော်ပြည့်ဆရာတော်ကြီး၏ ဩဝါဒအရ မြန်မာနိုင်ငံ စားဖိုမှူးများအသင်းမှ ကမကထပြု၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အဓိက ပံ့ပိုးကူညီမှုဖြင့် ဂျာမနီနိုင်ငံ အထူးကုဆရာဝန်ကြီးများ၏ ရခိုင်ပြည်နယ်အတွင်း အဌမအကြိမ်မြောက် အခမဲ့ခွဲစိတ်ကုသမှုကို နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ ပြုလုပ်ပေးလျက်ရှိသည်။

ခွဲစိတ်ကုသမှုများကို စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဂျာမနီနိုင်ငံ အထူးကုဆရာဝန်ကြီးများနှင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့

စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဂျာမနီနိုင်ငံ အထူးကုဆရာဝန်ကြီးများနှင့် စစ်တွေဆေးရုံကြီးမှ ဆရာဝန်များ ပူးပေါင်း၍ ခွဲစိတ်ကုသမှုပြုလုပ်ကြစဉ်။

## ယနေ့သတင်းအညွှန်း

အိန္ဒိယနိုင်ငံဘက်မှ မတ်ပဲနှင့် ပဲစင်းငုံများ အဝယ်လိုက်သည့်အတွက် ဈေးကွက်အခြေအနေ ပြန်လည်ကောင်းမွန်

စာမျက်နှာ » ၄

နှစ်နိုင်ငံအစိုးရချင်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရောင်းချနိုင်ရန် စီစဉ်

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ

စာမျက်နှာ » ၅

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

ကြေးမုံ

## နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး နည်းပညာဖြင့် တွန်းအားပေး

မျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံများသည် နည်းပညာဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေး အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး စသည့်ကဏ္ဍပေါင်းစုံတွင် နည်းပညာကိုအသုံးချ၍ အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်နေကြသည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်ရာတွင် e-Government သည် အရေးပါသော လုပ်ငန်းစဉ် ဖြစ်သည်။

e-Government ဆိုသည်မှာ အစိုးရ၏ သတင်းအချက်အလက်များကို နည်းပညာဖြင့် စီမံခန့်ခွဲသည့်စနစ်ကို ခေါ်ဆိုသည်။ အစိုးရအဖွဲ့အစည်းအချင်းချင်းအကြား၊ အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား၊ အစိုးရနှင့် ပြည်သူလူထုအကြား အပြန်အလှန်ဆက်သွယ်ခြင်း၊ သတင်းအချက်အလက်များပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်း စသည့်လုပ်ငန်းများကို သတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာ(ICT)ကို အသုံးပြုပြီး လုပ်ငန်းများအား လျင်လျင်မြန်မြန်၊ မှန်မှန်ကန်ကန်၊ စရိတ်သက်သက်သာသာနှင့် ပြီးစီးနိုင်အောင် ဆောင်ရွက်သည့် နည်းစနစ်ဖြစ်သည်။

အဆိုပါလုပ်ငန်းစဉ်ကို မြန်မာနိုင်ငံတွင် ဆယ်စုနှစ်တစ်ခုမျှ ကာလအတွင်း အကောင်အထည်ဖော်လျက်ရှိသော်လည်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ထွန်းမှုမရှိသေးချေ။ e-Government တိုးတက်ရေးနှင့်ပတ်သက်၍ ကျွမ်းကျင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပူးပေါင်းဆောင်ရွက်မှု အဓိကလိုအပ်မှုသုံးချက်ကို e-Government ဦးဆောင်ကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဦးဆောင်ကော်မတီနာယက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်မှာကြားခဲ့သည်။

e-Government လုပ်ငန်းသည် နိုင်ငံတော်အစိုးရ၏ စီးပွားရေးနှင့်ပတ်သက်သည့် ချမှတ်ထားသော မူဝါဒ ၁၂ ချက်တွင် တစ်ချက်အပါအဝင်ဖြစ်ပြီး ထိုလုပ်ငန်းကို ဖြစ်မြောက်အောင် ဆောင်ရွက်မည်ဟုသန္နိဋ္ဌာန်ချထားရာ ယခုအခါ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်ကိုတွေ့ရသည်။ e-Government သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကိုတိုင်းတာသည့် ဖွံ့ဖြိုးမှုအညွှန်းကိန်းဖြစ်၍ e-Government လုပ်ငန်းများတိုးတက်အောင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်မှာကြားချက်နှင့်အညီ လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ e-Government အညွှန်းကိန်းကို ကြည့်မည်ဆိုလျှင် ၂၀၁၆ ခုနှစ်က နိုင်ငံပေါင်း ၁၉၃ နိုင်ငံတွင် အဆင့် ၁၆၉ ရှိခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် အဆင့် ၁၅၇ သို့ တိုးတက်လာသည်ကို တွေ့ရသည်။ e-Government လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် ပွင့်လင်းသည့် အစိုးရဖြစ်လာစေရန်၊ စွမ်းရည်ပြည့်ဝသည့် အစိုးရဖြစ်ရန်၊ သတင်းအချက်အလက်များကို မျှဝေအသုံးပြုရန်၊ ဝန်ဆောင်မှု ဦးစားပေးသည့် အစိုးရဖြစ်ရန်နှင့် နိုင်ငံ၏ ICT Industry ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်ဟူသည့် အချက် ငါးချက်ကို e-Government ဦးဆောင်ကော်မတီဥက္ကဋ္ဌက နိုဝင်ဘာလ ၂၇ ရက်နေ့က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် e-Government လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ညွှန်ပြထားသည့် အချက် သုံးချက်ကို အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ နည်းပညာပိုင်းဆိုင်ရာကျွမ်းကျင်မှုမှာ အစိုးရပိုင်းရော ပုဂ္ဂလိကကဏ္ဍပိုင်းသာမက ပြည်သူလူထုအတွင်း၌လည်း တိုးတက်လာသည်ကို တွေ့ရသည်။ ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် အရေးပါသည့် ဆက်သွယ်ရေးကွန်ရက်များကို တိုးချဲ့ထူထောင်ထားနိုင်ပြီး သတင်းအချက်အလက်ဗဟိုဌာနတစ်ခုကို ထူထောင်နိုင်ရန် စီစဉ်လျက်ရှိသည်။ ပူးပေါင်းဆောင်ရွက်ရေးအပိုင်း၌ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝတိုးတက်ရေးကိုရှေးရှု၍ ထိုလုပ်ငန်းကို အားလုံးစိတ်ဝင်စားစွာဖြင့် ဆက်သွယ်ချိတ်ဆက်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် e-Government လုပ်ငန်းအောင်မြင်ရေးအတွက် အားလုံးတက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး အွန်လိုင်းဝန်ဆောင်မှုအညွှန်းကိန်း၊ တယ်လီကွန်မြူနီကေးရှင်းအညွှန်းကိန်းနှင့် လူသားစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်းများ တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

## မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ဆောင်ရွက်မည့် လမ်း၊ တံတား စီမံကိန်းများနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ဆောင်ရွက်မည့် လမ်း၊ တံတား စီမံကိန်းများနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးသည့် 5th Coordination Meeting ကို နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ယနေ့ကျင်းပသော အစည်းအဝေးတွင် ပလက်ဝ-ဇိုရမ်ပူလမ်း စီမံကိန်း၊ တမူး-ကျီကုန်း-ကလေးဝ လမ်းပိုင်းနှင့် အဆိုပါလမ်းပေါ်ရှိ တံတား ၆၉ စင်းစီမံကိန်း၊ ကလေးဝ-ယာကြီးလမ်းစီမံကိန်း၊ ရိဒ်-တီးတိန်လမ်းစီမံကိန်း၊ ရွှေဘို-ပူတာအိုလမ်းနှင့် ကညင်တန်း-အလယ်သံကျော်-အငူမော်လမ်းပိုင်းစီမံကိန်းများ အကောင်အထည်ဖော်မှုများနှင့်ပတ်သက်၍ ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းများအတွက် အိန္ဒိယအစိုးရမှ ကူညီထောက်ပံ့မှုများကို အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

အိန္ဒိယသံအမတ်ကြီး H.E. Mr Vikram Misri က မိမိတို့ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုများ တိုးတက်မှုအခြေအနေ၊ စီမံကိန်းလုပ်ငန်းများတွင် တွေ့ကြုံနေရသော အခက်အခဲများကို ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ အဆိုပါစီမံကိန်းများသည် ဒေသဖွံ့ဖြိုးမှုအတွက် လွန်စွာအထောက်အကူ ဖြစ်စေကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Vikram Misri နှင့် ဆောက်လုပ်ရေးကုမ္ပဏီများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ဗဟို)ကြီးကြပ်ရေးအဖွဲ့ ဆဋ္ဌအကြိမ် အစည်းအဝေးကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၈**

ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း(ဗဟို) ကြီးကြပ်ရေးအဖွဲ့၏ ဆဋ္ဌအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း(ဗဟို) ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဉာဏိန္ဒက အဖွင့်ဩဝါဒကထာမြွက်ကြားပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း(ဗဟို)ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေက ပဉ္စမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လျှောက်ထားတင်ပြပြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများမှ ကျောင်းအုပ်ဆရာတော်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများ၏ ပညာရေးဆိုင်ရာ တင်ပြချက်များနှင့် စီမံခန့်ခွဲမှုဆိုင်ရာများကို တင်ပြဆွေးနွေးကြကာ ဆုံးဖြတ်ချက်များ ချမှတ်ကြသည်။

ယင်းနောက် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း(ဗဟို)ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရဘဒ္ဒန္တအဂ္ဂဓမ္မက နိဂုံးချုပ်ဩဝါဒကထာမြွက်ကြားပြီး ဒုတိယဝန်ကြီးက ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သံတောင်ကြီးမြို့နယ်၌ အဆင့်မြင့်မော်တာစက်ချုပ် သင်တန်းဖွင့်

**သံတောင်ကြီး နိုဝင်ဘာ ၂၈။** ။သံတောင်ကြီးမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ အဆင့်မြင့်မော်တာစက်ချုပ်သင်တန်း အမှတ်စဉ်(၂/၂၀၁၈)ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ တစ်လကြာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူး ဦးထွန်းဇော်ချစ်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါသင်တန်းတွင် သံတောင်ကြီးမြို့နယ်အတွင်းရှိကျေးရွာများမှ အခြေခံမော်တာစက်ချုပ်သင်တန်း အောင်မြင်ပြီးသူ သင်တန်းသူ ၂၀ ကို နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂၆ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ပြီး အမျိုးသမီးဝတ်ခေတ်မီပုံဆန်းအထည်မျိုးစုံ ချုပ်နည်းများကို သင်ကြားလျက်ရှိကြောင်း သိရသည်။

**မင်းမြင့်မိုရ်(ငါန်းဖွန်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် နိုဝင်ဘာ ၂၈**

ရန်ကုန်(ရွှေဈေး) ၁၀၂၈၅၀၀ - ၁၀၂၈၅၀၀ မန္တလေး(ရွှေဈေး) ၁၀၂၈၅၀၀ - ၁၀၂၈၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၁၀၀၅/၁၀၄၀ ကျပ် | ၁၀၄၅/၁၀၆၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၅/၉၅၅ ကျပ် | ၁၀၀၀/၁၀၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၅၈/၈၈၅ ကျပ် | ၉၂၅/၉၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၁၀၁၅/၁၀၅၀ ကျပ် | ၁၀၆၀/၁၀၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၂၅/၉၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၃၅/၉၅၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၀/၇၄၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၇၃. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၇၅. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၆. ၂၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇. ၅၇၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၅. ၀၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၂. ၂၂၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၈၂. ၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၉. ၀၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၃၆. ၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၄၀. ၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်

သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပြင်ပသတင်းထောက် - ဒေါ်ရှုမဝအောင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 — ၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၅၂၇

**၂၀၁၈ ခုနှစ်၊ ၉၈ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်**

**တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့၊**

**ပြည်ထောင်စုငြိမ်းချမ်းရေး ပူးပေါင်းပါဝင်တည်ဆောက်စို့။**

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်

(၂-၁၂-၂၀၁၈)

**၂၀၁၈ ခုနှစ်၊ ၉၈ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ**

★ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

★ ပြည်ထောင်စုငြိမ်းချမ်းရေး ပူးပေါင်းပါဝင်တည်ဆောက်ရေး၊

★ တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊

★ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Mytel အမှုဆောင်အရာရှိချုပ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၈**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် Telecom International MYANMAR Co.,Ltd.(Mytel) အမှုဆောင်အရာရှိချုပ် Mr. Nguyen Thanh Nam အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် လုပ်ငန်းဆောင်ရွက်မှုနှင့် တိုးတက်မှုအခြေအနေများ၊ ပြည်သူများအား ဆက်သွယ်ရေးဝန်ဆောင်မှုများပေးနေမှု အခြေအနေများ၊ စာသင်ကျောင်းများတွင် အင်တာနက်လိုင်းများ တပ်ဆင်ပေးနေမှုအခြေအနေများ၊ ကျေးလက်ဒေသများအထိ ဝန်ဆောင်မှုလုပ်ငန်းများရရှိအောင် ဆောင်ရွက်နေမှုအခြေအနေများအား အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၄၁ / ၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(စ)နှင့် ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီး နေလင်းထွန်းကို ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**❂ ပြည်ထောင်စုတရားသူကြီးချုပ်မှ**

"နည်းပညာနှင့်တရားမျှတမှုလက်လှမ်းမီရေး၊ အကြမ်းဖက်မှုခင်းများအား စစ်ဆေးစီရင်ခြင်း၊ နိုင်ငံဖြတ်ကျော်မှုခင်းများ၊ မူးယစ်ဆေးဝါးကုန်ကူးမှု၊ လူကုန်ကူးမှုများ"နှင့်စပ်လျဉ်းသည့် အတွေ့အကြုံများကို ဆွေးနွေးဖလှယ်ခဲ့သည်။ ထို့ပြင် ပြည်ထောင်စုတရားသူကြီးချုပ်သည် အိန္ဒိယနိုင်ငံတရားရုံးချုပ်က ဦးဆောင်ကျင်းပပြုလုပ်သည့် "(၆၉)ကြိမ်မြောက် အိန္ဒိယနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနေ့ အခမ်းအနား"သို့လည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးစီမံကိန်းအရ အိန္ဒိယသမ္မတနိုင်ငံ၏ ဒုတိယအကြိမ် အထောက်အပံ့ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၄၈၅ သန်း ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

မြန်မာ-အိန္ဒိယချစ်ကြည်ရေးစီမံကိန်းအရ ဒုတိယအကြိမ် အိန္ဒိယအထောက်အပံ့ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၄၈၅ သန်း ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ အိန္ဒိယသမ္မတနိုင်ငံကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Vikram Misri နှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ရှေးဦးစွာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အိန္ဒိယသံအမတ်ကြီးက ထောက်ပံ့ပေးမှုအခြေအနေများနှင့် ရှေ့ဆက်လက်ထောက်ပံ့သွားမည့် အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက ဒုတိယအကြိမ် အထောက်အပံ့ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၄၈၅ သန်း ချက်လက်မှတ်အား ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်ထံ ပေးအပ်သည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အိန္ဒိယသမ္မတနိုင်ငံတို့ပူးပေါင်း၍ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးစီမံကိန်းအရ နှစ်နိုင်ငံနယ်နိမိတ်ထိစပ်နေသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာကို ၂၀၁၂ ခုနှစ် မေ ၂၈ ရက်တွင် ရေးထိုးခဲ့ပြီး တစ်ကြိမ်လျှင် အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် ငါးကြိမ်အတွက် အမေရိကန်ဒေါ်လာ ၂၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

ပထမအကြိမ် အိန္ဒိယအထောက်အပံ့ရန်ပုံငွေ အမေရိကန်ဒေါ်လာငါးသန်းဖြင့် နှစ်နိုင်ငံနယ်စပ်ဒေသများဖြစ်သည့် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၌ လမ်း၊ တံတားလုပ်ငန်းရှစ်ခု၊ ပညာရေးကျောင်း ၂၁ ကျောင်း၊ ကျန်းမာရေးလုပ်ငန်း ၁၇ ခု စုစုပေါင်း စီမံကိန်းလုပ်ငန်း ၄၆ ခုကို ၂၀၁၅ ခုနှစ်တွင် လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးခဲ့သည်။

ဒုတိယအကြိမ် အိန္ဒိယအထောက်အပံ့ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၄၈၅ သန်းဖြင့် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၌ လမ်း၊ တံတားလုပ်ငန်း ၂၀၊ ပညာရေးကျောင်း ၁၁ ကျောင်း စုစုပေါင်း စီမံကိန်းလုပ်ငန်း ၃၁ ခုကို ၂၀၁၈ ခုနှစ်တွင် လုပ်ငန်းအားလုံးပြီးစီးခဲ့သည်။

ဆက်လက်၍ တတိယအကြိမ် အိန္ဒိယအထောက်အပံ့ရန်ပုံငွေ အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၌ လမ်း၊ တံတားလုပ်ငန်း ၂၃ ခု၊ ပညာရေးကျောင်း ၁၁ ကျောင်း၊ ကျန်းမာရေးလုပ်ငန်းတစ်ခု စုစုပေါင်းစီမံကိန်းလုပ်ငန်း ၃၅ ခုကို ၂၀၁၈ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စီမံကိန်းလုပ်ငန်း ၇၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးခဲ့ပြီး စတုတ္ထအကြိမ် အထောက်အပံ့လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေး စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အိန္ဒိယနိုင်ငံဘက်မှ မတ်ပဲနှင့် ပဲစင်းငုံများ အဝယ်လိုက်သည့်အတွက် ဈေးကွက်အခြေအနေ ပြန်လည်ကောင်းမွန် နှစ်နိုင်ငံအစိုးရချင်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရောင်းချနိုင်ရန် စီစဉ်

**နေပြည်တော် နိုဝင်ဘာ ၂၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အဆို ၁ ခု တင်သွင်းခြင်းနှင့် အစီရင်ခံစာ ၁ ခု ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

## မြင်းမူမြို့ စည်ပင်သာယာရေးဈေးအဆင့်မြှင့်တင်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

အစည်းအဝေးတွင် မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်း၏ **မြင်းမူမြို့ စည်ပင်သာယာရေးဈေးအဆင့်မြှင့်တင် ဆောက်လုပ်ရန် လိုအပ်နေသည့် ဆေးရုံအဟောင်း မြေဧရိယာ ၁ ဒသမ ၂၈၃ ဧကအား လွှဲပြောင်းပေးရန် ခွင့်မပြုခဲ့ခြင်းကိစ္စအား ပြန်လည်သုံးသပ်၍ ကော်မတီသို့ လွှဲပြောင်းအသုံးချခွင့်ပေးရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က မြင်းမူမြို့နယ်ဆေးရုံဟောင်းနေရာတွင် လက်ရှိ မိခင်နှင့်ကလေးကျန်းမာရေးဌာန ဖွင့်လှစ်လျက်ရှိပြီး ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှ ဝန်ထမ်းများလည်း နေထိုင်လျက်ရှိပါကြောင်း၊ မြင်းမူမြို့နယ် စည်ပင်သာယာဈေး အဆင့်မြှင့်တင်ဆောက်လုပ်ရန် လိုအပ်နေသည့်အတွက် ဆေးရုံမြေဧရိယာ ၁ ဒသမ ၂၈ ဧက အား ပြန်လည်စွန့်လွှတ်ပေးမည်ဖြစ်ပါကြောင်း၊ ဌာနပိုင်မြေကို စွန့်လွှတ်ပေးရန်အတွက် အဆိုပါ ဆေးရုံဟောင်းမြေနေရာတွင် ဖွင့်လှစ်ထားသော မိခင်နှင့်ကလေးကျန်းမာရေးဌာနကို ပြည်သူလူထု လက်လှမ်းမီသည့်နေရာသို့ ပြောင်းရွှေ့၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ပေးနိုင်ရန် လိုအပ်လျက်ရှိပါကြောင်း၊ အဆောက်အအုံ ပြန်လည်ဆောက်လုပ်နိုင်ရေး၊ မြေနေရာအစားထိုးရရှိရေးတို့အတွက် သက်ဆိုင်ရာဌာနခွဲများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ကျွဲ၊ နွားများ သယ်ဆောင်ရာတွင် တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ်၊ အရောင်းအဝယ်လက်မှတ် ကိုင်ဆောင်၍ သယ်ဆောင်ခွင့်ပြု

ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၏ **ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချနေသော ကျွဲ၊ နွားများအား ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရတို့မှ မည်ကဲ့သို့ စီမံခန့်ခွဲပြီး ခွင့်ပြုထားသည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ကျွဲ၊ နွားများအား ပြည်တွင်းသယ်ယူရောင်းချခြင်းနှင့်စပ်လျဉ်း၍ ကျွဲ၊ နွားများကို ဒေသတစ်ခုမှ တစ်ခုသို့ သယ်ဆောင်ရာတွင် ကျွဲ၊ နွားများမှတစ်ဆင့် လူကို ကူးစက်အန္တရာယ်ဖြစ်စေသည့် ရောဂါများမဖြစ်စေရန် တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်လက်မှတ်၊ ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်များ တရားဝင်ကိုင်ဆိုင်ဆောင်၍ သယ်ယူခွင့်ပြုခြင်း၊ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ နွားပွဲဈေးအရောင်းအဝယ် လက်မှတ်ကိုင်ဆောင်၍ သယ်ဆောင်ခွင့်ပြုခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်ဘဏ္ဍာများ မှန်မှန်ကန်ကန်ရရှိရေး ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနအနေဖြင့် ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချနေသော ကျွဲ၊ နွားများကို ကာကွယ်ဆေးထိုးပြီးကြောင်း ထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်း၊ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်း၊ မွေးမြူရေးခြံလုပ်ငန်းမှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းတို့အတွက် အခကြေးငွေရရှိမှုများကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရရန်ပုံငွေကို ပေးသွင်းစေပါကြောင်း၊ ပြည်ပသို့ တင်ပို့မည့် ကျွဲ၊ နွားများအတွက် ကျန်းမာရေးစစ်ဆေးမည့် Animal Quarantine Fees အခကြေးငွေကို ပြည်ထောင်စုအစိုးရရန်ပုံငွေသို့ ပေးသွင်း ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပို့ကုန်လိုင်စင်အတွက် ပေးသွင်းရသည့် အခကြေးငွေများကိုလည်း ပြည်ထောင်စုအစိုးရရန်ပုံငွေသို့ ပေးသွင်းလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၏ **ဆန်စပါးနှင့် ပဲမျိုးစုံအပါအဝင် လယ်ယာထွက်ကုန်သီးနှံများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်ကို တောင်သူများ တွက်ခြေကိုက်သည့် ဈေးကွက်နှင့် ဈေးနှုန်းရရှိအောင် ပြည်ပဈေးကွက်များသို့ ပိုမိုထိုးဖောက်ဝင်ရောက်လာနိုင်စေရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက လက်ရှိအခြေအနေတွင် အိန္ဒိယနိုင်ငံဘက်မှ မတ်ပဲနှင့် ပဲစင်းငုံများ အဝယ်လိုက်သည့်အတွက် ဈေးကွက်အခြေအနေ ပြန်လည်ကောင်းမွန်လာလျက်ရှိပါကြောင်း၊ အိန္ဒိယနိုင်ငံ၏ ပိုမိုခိုင်မာသည့် ဈေးကွက်ရရှိနိုင်ရန်အတွက် အာမခံဈေးနှင့် နှစ်နိုင်ငံအစိုးရချင်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရောင်းချနိုင်ရန် စီစဉ်လျက်ရှိပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက မတ်ပဲ အဓိကစိုက်ပျိုးသည့်ဒေသများတွင် နှမ်းစပါးပြောင်းလဲစိုက်ပျိုးနိုင်ရေး၊ ရေမြေဒေသနှင့် ကိုက်ညီပြီး ဈေးကွက်ရှိသည့်သီးနှံများ စိုက်ပျိုးနိုင်ရေးတို့ကို ပညာပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပဲစင်းငုံသီးနှံအနေဖြင့် နောင်တွင် အလားတူ ပြဿနာမျိုး ကြုံတွေ့လာပါက ရှောင်ရှားနိုင်ရန်နှင့် တောင်သူများ ထိခိုက်နစ်နာမှု မကြီးမားစေရန်၊ သီးညှပ်ထားစိုက်ပျိုးရန်နှင့် တန်းကျဲ၍ စိုက်ပျိုးရန် ပညာပေးခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်နေပါကြောင်း၊ ထို့ပြင် အရည်အသွေးကောင်း



မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်း



ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း

မျိုးကောင်းမျိုးသန့်များကို ပိုမိုစိုက်ပျိုးစေရေးအတွက် မျိုးစေ့ဘဏ်တည်ထောင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးဆိုင်ရာနည်းလမ်းကောင်း၊ အလေ့အကျင့်ကောင်းများကို သီးနှံ ၁၅ မျိုးဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးထုတ်ကုန်များ ပြည်ပသို့ တင်ပို့ရာတွင် ကုန်သွယ်သည့် နိုင်ငံများ၏ လိုအပ်ချက်အရ ပို့ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု စစ်ဆေးခြင်း၊ အစေ့တွင် သတ္တုပါဝင်မှုစစ်ဆေးခြင်း၊ မှိုဆိပ်ပါဝင်မှု စစ်ဆေးခြင်းတို့ကို ထုတ်ကုန်အလိုက် သတ်မှတ်ချက်အထက် ကျော်လွန်မှုမရှိစေဘဲ ဓာတ်ခွဲစမ်းသပ်အဖြေထုတ်ခြင်းဖြင့် ခိုင်မာသော နိုင်ငံခြားဈေးကွက်ရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ထွက်ကုန်ပစ္စည်းများ ပြည်ပဈေးကွက် အခိုင်အမာရရှိရေးအတွက် ပြည်တွင်းပြည်ပ ကုန်စည်ပြပွဲများတွင် ပါဝင်ပြသ၍လည်းကောင်း၊ နှစ်နိုင်ငံ အစိုးရချင်းချင်း၊ စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း တွေ့ဆုံ၍လည်းကောင်း၊ ပို့ကုန်မဟာဗျူဟာစီမံကိန်းအရ ဈေးကွက်အခိုင်အမာ အစဉ်တစိုက်ရရှိရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့နည်းရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ အထွက်နှုန်းတိုးတက်ရေး၊ သွင်းအားစုမှန်ကန်စေရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ယာဉ်မောင်းများအား အရေးယူဆောင်ရွက်ခြင်းအစား ယာဉ်မောင်းများ စည်းကမ်းတကျမောင်းနှင်ခြင်းကိုသာ ပိုမိုလိုလား

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဦးမြစိန်၏ **ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် သတ်မှတ်အရှိန်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ်များအား မှတ်သားဖမ်းဆီးမှုဆောင်ရွက်ရာတွင် ဒဏ်ငွေပေးဆောင်မှု အခက်အခဲ အဆင်ပြေစေရန် One Stop Service အဖွဲ့များဖွဲ့၍ ဆောင်ရွက်ရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက အရေးယူဆောင်ရွက်ရာတွင် ယာဉ်မောင်းများအနေဖြင့် ဒဏ်ငွေကျပ် ၅၀၀၀၀ ကို ချက်ချင်းပေးဆောင်လိုပါက သက်ဆိုင်ရာတရားရုံးများတွင် ရုံးချိန်အတွင်း နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိပြီး ချက်ချင်းဒဏ်ငွေပေးဆောင်နိုင်ခြင်းမရှိသည့် ယာဉ်မောင်းများအား ယာဉ်လိုင်စင်(သို့မဟုတ်) ယာဉ်မောင်းလိုင်စင်သိမ်းဆည်း၍ ရက်ချိန်းသတ်မှတ်ကာ တရားရုံးများသို့ လိုက်လံပို့ဆောင်ပေးလျက်ရှိပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ယာဉ်မောင်းများအား အရေးယူဆောင်ရွက်ခြင်းအစား ယာဉ်မောင်းများ စည်းကမ်းတကျ မောင်းနှင်ခြင်းကိုသာ ပိုမိုလိုလားပါကြောင်း၊ One Stop Service ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတို့နှင့် ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်သောကြောင့် လတ်တလောဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်နှင့် တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးများက ရှင်းလင်းဖြေကြားကြသည်။

## တည်ဆောက်ရေးလုပ်ငန်းများအား ခေတ်နှင့်လျော်ညီသော (ကြိုတင်သွန်းလောင်းမှု) Precast နည်းပညာနှင့် အခြားသင့်လျော်သော နည်းပညာများ အသုံးပြုတည်ဆောက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း

ထို့နောက် ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်က **နိုင်ငံတော်အတွင်း တည်ဆောက်ရေးလုပ်ငန်းများအား ခေတ်နှင့်လျော်ညီသော (ကြိုတင်သွန်းလောင်းမှု) Precast နည်းပညာနှင့် အခြားသင့်လျော်သော နည်းပညာများ အသုံးပြုတည်ဆောက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ တိုင်းပြည်၏ တိုးတက်ဖွံ့ဖြိုးမှုတွင် အခြေခံအဆောက်အဦ Infrastructure များ တည်ဆောက်ခြင်းသည် အဓိကလုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံအနှံ့အပြားတွင် လမ်း၊ တံတားများ၊ ဆေးရုံ၊ ရုံး၊ ကျောင်း၊ ဝန်ထမ်းအိမ်ရာ အစရှိသည့် လူတို့၏ အခြေခံလိုအပ်ချက်များကို ဦးစားပေးတည်ဆောက်လျက်ရှိပါကြောင်း၊ မြို့ကြီးများသာမက ကျေးလက်အထိ အမျိုးမျိုးတည်ဆောက်လျက်ရှိရာ ရှေးအချိန်ကတည်းက အသုံးပြုခဲ့သည့် ရှေးရိုးစဉ်လာနည်းစနစ်များကို မပြောင်းလဲဘဲ အသုံးပြုတည်ဆောက်နေကြပါကြောင်း၊ လက်ရှိမန္တလေးမြို့တော်တွင် စတင်ပြောင်းလဲအသုံးပြုနေသည့် Precast နည်းပညာနှင့် ရေမြောင်းများ တည်ဆောက်ခြင်းကဲ့သို့ ပြုပြင်ပြောင်းလဲရသည့် နေရာများ၊ လုပ်ငန်းများတွင် အဆင့်မြင့် ခေတ်နှင့်လျော်ညီသည့် နည်းပညာများကို အသုံးပြုသင့်ပြီဟု ယူဆသည့်အတွက် အဆိုကို တင်သွင်းရခြင်းဖြစ်ပါကြောင်း။

Precast ကဲ့သို့ နည်းပညာများသည် အရည်အသွေးကို လွယ်ကူစွာစစ်ဆေးနိုင်သည့်အတွက် တည်ဆောက်ရာတွင်လည်း ရှင်းလင်းလွယ်ကူသည့်အတွက် အချိန်ကုန် ငွေကုန်သက်သာသည့်အပြင် တည်ဆောက်ရေးလုပ်ငန်းများ၏ အကျင့်ပျက်ခြစားမှုများကို ထိထိရောက်ရောက် ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ အုတ်စီပုံ မမှန်ကန်ခြင်း၊ အုတ်အရည်အသွေးညံ့ဖျင်းခြင်း၊ RC တွင် သံချောင်းခိုခြင်း၊ ကွန်ကရစ် အရည်အသွေးမမီခြင်း၊ ရှေ့မှဆောက်၍ နောက်ကပျက်သည့်အခြေအနေများ မရှိနိုင်တော့ပါကြောင်း၊ Safety First ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အများပြည်သူ စိတ်ချမ်းသာမည့် ပြည်သူ့ဘဏ္ဍာငွေကို အကျိုးရှိထိရောက်စေမည့် ကြိုတင်သွန်းလောင်းမှု (Precast) နည်းပညာနှင့် အခြားနည်းပညာများ အသုံးပြုတည်ဆောက်ကြရေးအတွက် ကြိုးကြပ်ပေးပါရန် ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦးက ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီ၏ အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဦးသိန်းထွန်းက ဖတ်ကြားတင်ပြသည်။

အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တင်သွင်းသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ် ၄ ဦး၏ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြင်ဆင်ထားသည့် ဥပဒေကြမ်းတစ်ရပ်လုံး၏ အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း လွှတ်တော်က အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နိုဝင်ဘာ ၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၈**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ထုတ်လွှင့်မှုကို ဩဂုတ် ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှစပြီး အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ "ဝ"၊ ကချင်၊ ကယား၊ စကောကရင် ဘာသာအစီအစဉ်များကို ည ၁၁ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစပြီး ၂၀၁၉ ခုနှစ် မတ် ၃၁ ရက်အထိ နေ့စဉ်နံနက် ၆ နာရီမှ ၇ နာရီအထိ အရှေ့ပိုးကရင်ဘာသာ အစီအစဉ်၊ နံနက် ၇ နာရီမှ ၈ နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၉ နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ နံနက် ၉ နာရီမှ ၁၁ နာရီအထိ မွန်ဘာသာအစီအစဉ်၊ နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ ညနေ ၃ နာရီမှ ၅ နာရီအထိ 'ဝ'ဘာသာ အစီအစဉ်၊ ညနေ ၅ နာရီမှ ည ၇ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ည ၇ နာရီမှ ည ၉ နာရီအထိ ကယားဘာသာအစီအစဉ်၊ ည ၉ နာရီမှ ၁၀ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ ည ၁၀ နာရီမှ ၁၁ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်း(၆)ခု မေးမြန်းဖြေကြားခြင်းနှင့်ဥပဒေကြမ်းတစ်ခု ဆက်လက်ဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် မြို့ပေါ်(၅) ရပ်ကွက်နေ ပြည်သူများ၏ နေထိုင်လျက်ရှိသည့် အိမ်ရာမြေများ လယ- (၃၀-က) ရရှိရေးနှင့် မြေစာရင်းပုံစံ (၁၀၅)၊ (၁၀၆) မြေပုံရေးဆွဲရေး၊ မြေငှားဂရန်ရရှိရေးကိစ္စများကို မြို့နယ်ပြည်သူလူထု အဆင်ပြေစေရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် မြို့ကွက်အမှတ် (၁-က) မြို့သစ်အကွက်နှင့် (၁-ခ) ကျောက်တော်အကွက်များအား (၆၄ လက်မ ၁ မိုင်) စကေးဖြင့် မြေတိုင်းတာနိုင်ရေး စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းများ** နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မြို့မြေအဖြစ် တိုင်းတာသတ်မှတ်ထားသည့် မြေဧရိယာ (၁၈၆) ဧကအနက် (၇၁ ဒသမ ၇၂၇) ဧကကို မြေငှားဂရန်ထုတ်ပေးထားရှိပြီးဖြစ်ပါကြောင်း၊ မြို့မြေသတ်မှတ်ပြီး ဧရိယာများတွင် နေထိုင်သောပြည်သူများအနေဖြင့် အချက်အလက်စုံလင်စွာဖြင့် မြေငှားဂရန်လျှောက်ထားလာပါက ၁၉၈၉ ခုနှစ် မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေနှင့် မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေအရ စိစစ်ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း၊ မြေစာရင်းပုံစံ (၁၀၅)၊ (၁၀၆) မြေပုံရေးဆွဲရေး၊ မြေငှားဂရန်ရရှိရေးကိစ္စများ ဆောင်ရွက်နိုင်ရန် မြို့ကွက်အမှတ်(၁-က)၊ မြို့သစ်အကွက် (၁-ခ) ကျောက်တော်အကွက်များကို ၆၄ လက်မ=၁ မိုင် စကေးဖြင့် မြို့မြေတိုင်းတာ ဆောင်ရွက်နိုင်ရေးအတွက် လက်ရှိအခြေအနေအရ လုပ်ငန်းပမာဏနှင့် ဝန်ထမ်းအင်အားလုံလောက်မှုမရှိသည့်အတွက် ရှိသည့်အင်အားဖြင့် ဝန်ထမ်းခွင့်ပြုမှုအခြေအနေနှင့် ရန်ပုံငွေခွဲဝေရရှိမှုများအပေါ် မူတည်၍ အပိုင်းလိုက်ခွဲခြားဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးလှကျော်က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး၏ **၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်အားရောင်းချခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းတို့ကို ဆောင်ရွက်ရာတွင် ပေးဆောင်ရမည့် မှတ်ပုံတင်ကြေး၊ တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကို မည်၍မည်မျှပေးဆောင်ရမည်ဖြစ်ကြောင်း သက်ဆိုင်ရာဝန်ကြီးဌာန သဘောတူညီချက်ဖြင့် ဦးစီးဌာနမှ အမြန်ဆုံးထုတ်ပြန်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း** နှင့်စပ်လျဉ်း၍ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီးပါက လယ်ယာမြေလုပ်ပိုင်ခွင့် ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်းတို့အတွက် ထမ်းဆောင်ရသည့် တံဆိပ်ခေါင်းခွန်တန်ဖိုး သတ်မှတ်နိုင်ရေးအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အလားတူ စာချုပ်စာတမ်းအမျိုးအစားအလိုက် မှတ်ပုံတင်ခကိုလည်း သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။



ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်



စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်မျိုး

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၏ **ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အေးမြသာယာမြို့သူမြို့သားများ ကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့ပြီး ယခုပျက်စီးယိုယွင်းနေသော ထွန်းရွှေဝါခန်းမကြီးကို ပြုပြင်ရန်နှင့် အေးမြသာယာကျေးရွာအုပ်စုပိုင်အဖြစ် စည်ပင်သာယာမှ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် မရှိပါက ပျက်စီးယိုယွင်းနေသော ယင်းခန်းမကြီးကို အမြန်ဆုံးပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းများ** နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက ထွန်းရွှေဝါခန်းမကို အေးမြသာယာကျေးရွာအုပ်စုပိုင်အဖြစ် ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ်မရှိပါကြောင်း၊ အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်အဖြစ်သာ ဆက်လက်ထားရှိမည်ဖြစ်ပါကြောင်း၊ အဆိုပါခန်းမကြီးကောင်းမွန်ပြီး လုပ်ငန်းများဆောင်ရွက်နိုင်စေရန် ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်ကျော်ဇံ၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးအောင်သိန်း၊ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် နေပြည်တော်ကောင်စီဝင် ဦးညီထွန်းတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

## အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့်စပ်လျဉ်း၍ဆွေးနွေး

ယင်းနောက် **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍** မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅) မှ ဒေါ်မြတ်သီတာထွန်းက ပုဒ်မ-၂၊ ပုဒ်မခွဲ (က)နှင့်စပ်လျဉ်း၍ အလုပ်သမားဆိုသည်မှာ မိမိ၏ ကာယအား၊ ဉာဏအားကိုအသုံးပြုပြီး အလုပ်ရှင်ထံတွင် အချိန်ပိုင်းအလုပ်ကိုဖြစ်စေ၊ အမြဲတမ်းအလုပ်ကိုဖြစ်စေ အခကြေးငွေရယူကာ လုပ်ကိုင်နေသူကိုသော်လည်းကောင်း၊ အခကြေးငွေမယူဘဲ လုပ်ကိုင်နေသူကိုသော်လည်းကောင်း ဆိုသည်ဟု ပြင်ဆင်လိုပါကြောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲငယ်(ဂ)နှင့် စပ်လျဉ်း၍ အလုပ်ရှင်ဆိုသည်မှာ မိမိ၏လုပ်ငန်းအတွက် လုပ်အား၊ နည်းပညာသို့မဟုတ် ကျွမ်းကျင်မှုကိုရရှိရန်အလို့ငှာ အလုပ်သမားအားငှားရမ်းစေခိုင်းသည့် အခကြေးငွေပေးရန် တာဝန်ရှိသူကိုဆိုသည်ဟု ပြင်ဆင်လိုပါကြောင်း၊ ပုဒ်မ ၂ (ဍ)နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိလိုပါကြောင်း၊ ပုဒ်မ ၂ (ဈ)၊ ပုဒ်မ-၁၀၊ ပုဒ်မ- ၁၂၊ ပုဒ်မ ၁၂-(က)၊ ပုဒ်မ-၁၆၊ ၁၉၊ ၂၃၊ ၂၄ ၊ ၂၅ နှင့် ၂၇ တို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိလိုပါကြောင်း၊ ပြစ်ဒဏ်ပိုင်းရှိ ပုဒ်မ ၄၆(ဂ) နှင့်စပ်လျဉ်း၍ တစ်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိငွေဒဏ်ဖြစ်စေချမှတ်ရမည်ဟု ပြင်ဆင်လိုပါကြောင်း၊ ပုဒ်မ ၄၆-(က) ပုဒ်မခွဲငယ်(၃)တွင် သုံးလထိထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံးကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်လည်းချမှတ်ရမည်ဟု ပြင်ဆင်လိုပါကြောင်း၊ ပုဒ်မ ၄၆-(က)၊ အပိုဒ်ခွဲငယ်(၄)တွင် တစ်လအထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ၃ သိန်းမှ အများဆုံးကျပ် ၁၀ သိန်းအထိငွေဒဏ်လည်းချမှတ်ရမည်ဟု ပြင်ဆင်လိုပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၈)မှ ဦးကျော်ထွေးက ဥပဒေကြမ်း၏ အပိုဒ် ၂(က)တွင် ဖြည့်စွက်ထားသည့် ဖြည့်စွက်ချက်ကို ပယ်ဖျက်သင့်ပါကြောင်းနှင့် အမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်း ဆက်လက်ထားရှိသင့်ပါကြောင်း၊ အပိုဒ် ၂(ခ)နှင့် အပိုဒ် ၁(၃)တို့ကိုလည်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိသင့်ပါကြောင်း၊ အမျိုးသားလွှတ်တော်တွင် အတည်ပြုထားသည့် ပုဒ်မ ၁၀၊ ၁၆ နှင့် ၁၉ တို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းဆက်လက်ထားရှိသင့်ပါကြောင်း၊ ပြစ်ဒဏ်များအခန်းရှိ ပုဒ်မ ၄၆၊ ၄၇နှင့် ၄၈ တို့တွင် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက်များကိုပယ်ဖျက်ပြီး အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များအတိုင်းသာ ဆက်လက်အတည်ပြုသင့်ပါကြောင်း ဆွေးနွေးသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းတို့က ဆက်လက်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတွင် ပြန်လည်ကြားနာရန် ဆုံးဖြတ်ကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမနေ့ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**မင်းမင်းဇော်(သတင်းစဉ်)**

# ပြည်တွင်းပြည်ပသတင်းမီဒီယာအဖွဲ့ တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်းသို့ သွားရောက်သတင်းယူ

**မောင်တော နိုဝင်ဘာ ၂၈**

မောင်တောမြို့၌ရောက်ရှိနေသော ပြည်တွင်းပြည်ပသတင်းဌာနရှစ်ခုမှ သတင်းသမားများသည် ယနေ့နံနက်ပိုင်းတွင် တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိကြပြီး စခန်းအတွင်း ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေကို လှည့်လည်ကြည့်ရှုသတင်းရယူကြသည်။

သတင်းမီဒီယာအဖွဲ့သည် စတင်ဝင်ရောက်မည့်နေရာဖြစ်သည့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေးတံတား၊ ကနဦးစစ်ဆေးမည့်နေရာ၊ မြန်မာနိုင်ငံအတွင်း နေထိုင်ခဲ့ဖူးခြင်း ရှိ၊ မရှိ စစ်ဆေးမည့်နေရာ၊ ဓာတ်ပုံမှတ်တမ်းတင်မည့်နေရာ၊ အိမ်ထောင်စုစာရင်းပြုလုပ်ပေးမည့်နေရာ၊ Biometric မှတ်တမ်းတင်မည့်နေရာ၊ National Verification ကတ်ပြုလုပ်ပေးမည့်နေရာ၊ ကျန်းမာရေးစစ်ဆေးမည့်နေရာ၊ ထောက်ပံ့ပစ္စည်းများပေးအပ်မည့်နေရာနှင့် ဝင်ရောက်လာသူများနေထိုင်ရန် တည်းခိုဆောင်များ ဆောက်လုပ်ထားမှုတို့ကို လှည့်လည်ကြည့်ရှု သတင်းရယူကြသည်။

**သတင်းရယူ**

ထို့နောက် သတင်းမီဒီယာအဖွဲ့သည် တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးထွန်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန့်စင်တို့နှင့်တွေ့ဆုံ၍ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးအတွက် ဆောင်ရွက်ထားမှုအခြေအနေတို့ကို မေးမြန်းသတင်းရယူကြသည်။



ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း၌ သတင်းရယူစဉ်။

ယင်းနောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီးတွင် နေထိုင်နေကြသည့် နေရပ်စွန့်ခွာသူများကိုတွေ့ဆုံကာ လက်ရှိနေထိုင်စားသောက်မှုအခြေအနေ၊ နေထိုင်သည့်လူဦးရေ၊ ကူညီထောက်ပံ့မှုအခြေအနေ၊ NV ကတ်ပြုလုပ်မည့်အပေါ် ၎င်းတို့၏သဘောထားအမြင်၊ နေရပ်စွန့်ခွာခြင်းနှင့် နေရပ်သို့ ပြန်လည်မဝင်ရောက်ရသည့် အကြောင်းရင်းတို့ကို မေးမြန်းသတင်းရယူကြသည်။

ယင်းနောက် သတင်းမီဒီယာအဖွဲ့သည် မင်းကြီးကျေးရွာသို့ရောက်ရှိပြီး နေအိမ်များဆောက်လုပ်ပေးထားမှုအခြေအနေကို လှည့်လည်ကြည့်ရှုလေ့လာကာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တွေ့ဆုံ၍ ကျေးရွာနေပြည်သူများ၏ နေထိုင်စားသောက်မှုနှင့် ကူညီထောက်ပံ့ပေးမှုအခြေအနေ၊ ကျေးရွာရှိလူဦးရေနှင့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို မေးမြန်းသတင်းရယူကြသည်။

သတင်းမီဒီယာအဖွဲ့သည် ညပိုင်းတွင် စစ်တွေမြို့မှ တစ်ဆင့် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

သတင်းမီဒီယာအဖွဲ့များ ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက်သတင်းရယူမှုအနေဖြင့် ယခုအကြိမ်နှင့်ဆိုလျှင် စုစုပေါင်း ၂၉ ကြိမ်ရှိသွားပြီဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၇ ခုနှစ်တွင် ရှစ်ကြိမ်၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ခြောက်ကြိမ်နှင့် ၂၀၁၈ ခုနှစ် မတ်လမှ စတင်၍ ရခိုင်ပြည်နယ် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးကော်မတီ၏ အစီအစဉ်ဖြင့် တစ်လလျှင် နှစ်ခေါက်နှုန်းဖြင့် ၁၄ ကြိမ်ဖြစ်ကြောင်း သိရသည်။

**ကျော်သူထက်**

# ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်မှသည် အမျိုးသားအောင်ပွဲနေ့သို့

မြင့်ဆွေဦး



**အမျိုးသားစိတ်၊ အမျိုးသား မာန်များ ပြန်လည်နိုးကြား တက်ကြွစေရန် လှုံ့ဆော်ပေးခဲ့ရာ ယင်းသပိတ်ကြီး စတင်ပေါ်ပေါက်ခဲ့သည့် နေ့ကို နေ့ထူးနေ့မြတ် အဖြစ် သတ်မှတ်၍ အမှတ်တရ ဂုဏ်ပြုအပ်သည့် သဘောရလာကြလေသည်။**

နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့သည် အမျိုးသားအောင်ပွဲနေ့ ဖြစ်သည်။ ထိုနေ့ ထိုရက်သည် ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ဥပဒေကို ကျောင်းသားများ သပိတ်မှောက်ခဲ့သောနေ့ ဖြစ်သည်။

ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ် ကျောင်းသားတို့ကဦးဆောင်၍ ၁၉၂၀ ပြည့်နှစ် တက္ကသိုလ် ဥပဒေကို ကန့်ကွက်သည့် သပိတ်ဖြစ်သည်။ ယင်းဥပဒေ မပြဋ္ဌာန်းမီ မြန်မာနိုင်ငံ၌ရှိနေသော ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့မှာ အိန္ဒိယနိုင်ငံ ကာလကတ္တား တက္ကသိုလ်၏ လက်အောက်ခံများ ဖြစ်ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွက် သီးသန့်တက္ကသိုလ်တစ်ခု တည်ထောင်ပေးရန် မြန်မာတိုင်းရင်းသားတို့က မကြာခဏ တောင်းဆိုခဲ့ကြသည်။ ဤသို့နှင့် ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့ နှစ်ခုကိုပေါင်း၍ ရန်ကုန်တက္ကသိုလ်အဖြစ် တိုးမြှင့်ပေးသည့် ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်ဥပဒေ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ယင်းဥပဒေကို ပြည်သူလူထုက ဝေဖန်နိုင်ရန် ၁၉၂၀ ပြည့်နှစ် ဇွန်လတွင် တိုင်းပြည်သို့ ကြေညာခဲ့သည်။ နယ်ချဲ့ဗြိတိသျှအစိုးရသည် မလွှဲမရှောင်သာ၍ သီးခြားတက္ကသိုလ် တည်ထောင်ပေးရသောကြောင့် တက္ကသိုလ်ဥပဒေတွင် အထက်တန်းပညာရေးကို ကန့်သတ်ချုပ်ချယ်ထားသည့် အချက်များကို ထည့်ထားသည်။

ထို့ကြောင့် တိုင်းပြည်တစ်ဝန်း မြို့လုံးကျွတ် အစည်းအဝေးခေါ်ကာ တစ်မျိုး၊ သတင်းစာများမှ ဝေဖန်၍ ကန့်ကွက်ခြင်းက တစ်ဖုံ အမျိုးမျိုးကန့်ကွက်ခဲ့ကြသည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ ဒုတိယဘုရင်ခံ ဆာရယ်ဂျီနယ် ကရက်ဒေါက် ခေါင်းဆောင်သည့် နယ်ချဲ့အစိုးရက တိုင်းပြည်၏ ကန့်ကွက်ချက်များကို လျစ်လျူရှုပြီး ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ ထိုဥပဒေကြမ်းကို အတည်ပြုသည်ဟု ကြေညာလေသည်။

ရန်ကုန်တက္ကသိုလ်ဥပဒေသည် တက္ကသိုလ် ပညာရေးကို ပျက်စီးစေသည်သာမက အမျိုးသားရေး ဂုဏ်သိက္ခာနှင့် မြန်မာလူမျိုးတို့ အဆင့်အတန်းကို ယုတ်လျော့လာလိမ့်မည်ဟု သဘောပေါက်ကြသည်။ တက္ကသိုလ်ဥပဒေသည် မြန်မာတစ်မျိုးသားလုံးအား နှောင်ကြိုးဖြင့် အစဉ်ချုပ်နှောင်ထားရန် ဗြိတိသျှအစိုးရက ဖန်တီးထားခြင်းဖြစ်သည်။ ယင်းဥပဒေကို ပျက်စီးသွားစေရန်လည်းကောင်း၊ တက္ကသိုလ်ကျောင်းမဖွင့်နိုင်အောင်လည်းကောင်းပြုလုပ်ရမည်ဟု ရန်ကုန်ကောလိပ် ကျောင်းသားများက သဘောရလေသည်။ ရန်ကုန်တက္ကသိုလ်ကျောင်းကြီးသည် ဥပဒေရှိသော်လည်း ကျောင်းသားများမရှိသော ကျောင်းသည် အချည်းနှီးပင်ဖြစ်၍ ကျောင်းကို သပိတ်မှောက်ကြရန် အကြံရကြလေသည်။

ထိုကဲ့သို့ အကြံရသည့်အတိုင်း ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် (ဒီဇင်ဘာလ ၃ ရက်နေ့) နေ့လယ်တွင် ရန်ကုန်ကောလိပ်မှ ကျောင်းသားကြီး ၁၁ ဦးတို့သည် ရွှေတိဂုံကုန်းတော်ပေါ် စနေထောင့်တွင် တက္ကသိုလ်ကျောင်းကို သပိတ်မှောက်ရေးအတွက် လျှို့ဝှက်စည်းဝေးတိုင်ပင်ကြလေသည်။

အဆိုပါ ကျောင်းသား ၁၁ ဦးမှာ (၁) ကိုဘရှင်၊ (၂) ကိုညီပိတ်၊ (၃) ကိုဖိုးကွန့်၊ (၄) ကိုအေး၊ (၅) ကိုလှပိုက်၊ (၆) ကိုဖေသိန်း၊ (၇) ကိုထွန်းဝင်း၊ (၈) ကိုဘရှင်(ထားဝယ်)၊ (၉) ကိုဘခင်၊ (၁၀) ကိုအောင်ဒင်နှင့် (၁၁) ကိုဘဦးတို့ ဖြစ်သည်။

ဤကောလိပ်ကျောင်းသားကြီး ၁၁ ဦးတို့သည် အဘက်ဘက်မှ လေးနက်စွာ စဉ်းစားဆင်ခြင်ပြီးနောက် အမိနိုင်ငံတော်၏ ဂုဏ်သိက္ခာကို ကယ်တင်ရေးအတွက် ကောလိပ်ကျောင်းများကို သပိတ်မှောက်ရန် ဆုံးဖြတ်လိုက်ကြသည်။ ခေါင်းဆောင် ၁၁ ဦးတို့သည် ထိုကိစ္စနှင့် ပတ်သက်၍ တစ်စုံတစ်ရာ အမြတ်ရရှိပါက တစ်ဦးနှင့်တစ်ဦး အကူအညီပြု၍ ဆိုးအတူ ကောင်းအတူ နောက်မဆုတ်ဘဲ ဆက်လက်ဆောင်ရွက်ရန် သစ္စာပြုကြလေသည်။ သစ္စာပြုချက်များကို အင်္ဂလိပ်ဘာသာဖြင့် စာရွက်သုံးရွက်ပေါ်တွင် ရေး၍ ၁၁ ဦးစလုံး လက်မှတ်ရေးထိုးကြသည်။

ယင်းသစ္စာပြုချက် မူရင်းအင်္ဂလိပ်ဘာသာမှာ 'We, the following, are the leaders of the movement in boycotting the Rangoon University. We affirm it on oath that we will stand by or fall together in case our movement miscarries.' 3-12-20

'အောက်တွင် လက်မှတ်ရေးထိုးသူ ကျွန်ုပ်တို့သည် ရန်ကုန်တက္ကသိုလ် သပိတ်မှောက် လှုပ်ရှားမှုကြီးတွင် ဦးစီးဦးကိုင်ပြုကြမည့် ခေါင်းဆောင်များဖြစ်သည်။ ကျွန်ုပ်တို့ ဦးစီးဆောင်ရွက်ကြမည့် လှုပ်ရှားမှုသည် အကယ်၍ အောင်မြင်မှုမရဘဲ ချွတ်ချော်တိမ်းပါးခဲ့သော် ကျွန်ုပ်တို့အားလုံးသည် ကျောချင်းယှဉ် ရင်ချင်းအပ်၍ သေအတူ ရှင်အမျှ ကြံ့ကြံ့ခံ၍ ရပ်တည်ကြရန် သစ္စာမူကာ အဓိဋ္ဌာန်ပြုပါ၏'

ခေါင်းဆောင် ၁၁ ဦးတို့သည် ပြန်လည်ရောက်ရှိလာပြီးနောက် ကောလိပ်နှစ်ကျောင်းစလုံး နောက်တစ်နေ့တွင် အစည်းအဝေးပြုလုပ်ရန် လျှို့ဝှက်စည်းရုံးကြလေသည်။

ဒီဇင်ဘာလ ၄ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ် ကျောင်းသားများ စကားအချေအတင်ပြောပွဲတစ်ခုရှိသည်။ ထိုစကားအချေအတင် ပြောပွဲအပြီး ညနေ ၃ နာရီ မိနစ် ၃၀ တွင် ဗဟန်းရပ်၊ ဦးအရိယကျောင်းတိုက်သို့ ကျောင်းသားများ အစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားကြလေသည်။

ထိုနေ့ ညနေ ၃ နာရီခွဲတွင် ကောလိပ်ကျောင်းနှစ်ကျောင်းလုံးမှ ကျောင်းသားပေါင်း ၆၀၀ ခန့် စုဝေးရောက်ရှိလာကြသည်။ ရန်ကုန်ကောလိပ်မှ ခေါင်းဆောင် ၁၁ ဦးနှင့် ကျောင်းသားများအပြင် ယုဒသန်ကောလိပ်မှ ကိုဖိုးကျား၊ ကိုမြင့်၊ ကိုဖိုးလတ် အစရှိသော ခေါင်းဆောင်များနှင့် ကျောင်းသားများ တက်ရောက်လာကြသည်။

ထို့နောက် ကောလိပ်နှစ်ရပ်စလုံးမှ ကျောင်းသားများသည် သပိတ်မှောက်ရေးကိစ္စကို ပြင်းပြင်းထန်ထန် ဆွေးနွေးကြသည်။ ဆွေးနွေးညှိနှိုင်းကြရာတွင် တက္ကသိုလ်ဥပဒေကို တိုက်ဖျက်ရေးအတွက် သပိတ်မှောက်ရန် ယေဘုယျအားဖြင့် သဘောတူကြသည်။ သို့ရာတွင် ၁။ တက္ကသိုလ်ဥပဒေကို ပြင်ဆင်ပေးရန် ဘုရင်ခံထံ လျှောက်ထား၍ လိုက်လျောခြင်းမပြုသမျှ သပိတ်မှောက်ရန်နှင့် ၂။ မကျေနပ်မှုများကို ထိထိရောက်ရောက်ပြသည့်အနေနှင့် သပိတ်မှောက်ပြီးမှ လိုလားချက်တောင်းဆိုလွှာကို တင်ရန် ဟူသော နည်းလမ်းနှစ်ရပ် ကွဲလွဲကြလေသည်။ ထို့ကြောင့် မဲခွဲဆုံးဖြတ်ရန် စီစဉ်ပြီး ရှုံးသောဘက်မှ နိုင်သောဘက်သို့လိုက်ပါရန် နှစ်ဦးနှစ်ဖက် ကတိပြုကြသည်။ သပိတ်မှောက်ပြီး လိုလားချက်များကို အရေးဆိုရန်ဘက်က အနိုင်ရလေသည်။

ထိုအစည်းအဝေးမှ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ ရန်ကုန်ကောလိပ်ကျောင်းသို့ လာရောက်ပြီး မြန်မာနိုင်ငံတက္ကသိုလ်ဖွင့်လှစ်ကြောင်း ကြေညာသောအခါ ကောလိပ်ကျောင်းနှစ်ကျောင်းရှိ ကျောင်းသားကြီးများသည် မိမိတို့ စာအုပ်များကိုပိုက်၍ ရန်ကုန်တက္ကသိုလ်ကို သပိတ်မှောက်ပြီဟု အော်ဟစ်ကာ ကျောင်းများမှ ထွက်လာကြရန် ဆုံးဖြတ်ခဲ့လေသည်။

ထို့အပြင် သပိတ်မှောက်ကိစ္စနှင့်ပတ်သက်၍ ကိစ္စအဝဝကို ဆောင်ရွက်သွားရန် ကျောင်းနှစ်ကျောင်းမှ ကိုယ်စားလှယ်များ ပါဝင်သည့် ၂၆ ဦး ကော်မတီကို ရွေးချယ်ခန့်အပ်ကာ တာဝန်အရပ်ရပ်လွှဲခဲ့လေသည်။ ၂၆ ဦး ကော်မတီသည် အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး သပိတ်မှောက်ရေးကိစ္စကို အစစအရာရာ စနစ်တကျရှိစေရန် ပြင်ဆင်ကြသည်။ ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကော်မတီအစည်းအဝေးကို ပြုလုပ်နေစဉ် ကျောင်းသားတစ်ဦးရောက်ရှိလာပြီး ကျောင်းသားများသပိတ်မှောက်မည့်အရေးကို ဆရာကြီးသိသွားကြောင်း၊ ဒီဇင်ဘာလ ၆ ရက်နေ့ ကျောင်းတက်သောအခါ ဆုံးမစကားပြောကြားလိမ့်မည်ဖြစ်ကြောင်း သတင်းပို့လေသည်။ ထို့ကြောင့် ဆရာကြီးက ဆုံးမစကား ပြောဆိုဖျောင်းဖျလျှင် အစီအစဉ်များပျက်သွားမည်ကို စိုးရိမ်ကြသည့်အတွက် ၇ ရက်နေ့အထိ စောင့်ဆိုင်းမနေတော့ဘဲ ချက်ချင်းသပိတ်မှောက်ရန် ဆုံးဖြတ်လိုက်သည်။

သပိတ်စခန်းကို ဗဟန်းရပ် ရွှေကျင်တိုက်ဝင်းရှိ ဇရပ်များကို ငှားရမ်းခြင်းကိစ္စ၊ ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်ရှိ ကျောင်းအိပ်ကျောင်းစားများကို ဗဟန်းသို့ သွားရောက်စုရုံးရန် လှုံ့ဆော်ရေးကိစ္စ၊ မြို့တွင်းနေ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူလူထု သိရှိရေးအတွက် ကြေညာစာပုံနှိပ်ဝေရန်ကိစ္စများကို ကျောင်းသားခေါင်းဆောင်များသည် အသီးသီးတာဝန်ခွဲဝေ၍ ကြိုးပမ်းဆောင်ရွက်ကြလေသည်။

၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက် (၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်)နေ့တွင် ရန်ကုန်တက္ကသိုလ်ဥပဒေကို စတင်သပိတ်မှောက်လိုက်ကြလေသည်။

ဤသို့ဖြင့် ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့၏ သပိတ်မှောက်လှုပ်ရှားမှုသည် ဒီဇင်ဘာလ ၆ ရက်နေ့တွင်ပို၍ အောင်မြင်လာသည်။ မြို့မိမြို့ဖ ပြည်သူပြည်သားများကလည်း သပိတ်စခန်းသို့ အသီးသီးလာရောက်အားပေးကြသည်။ ထိုစဉ်က ထင်ရှားသော နိုင်ငံရေးခေါင်းဆောင်အသီးသီးတို့ကလည်း လာရောက်၍ ကျောင်းသားများကို အားပေးကူညီကြလေသည်။

ဤသို့ သပိတ်မှောက်အရေးတော်ပုံကြီး အောင်မြင်စွာ စည်းရုံးပြီးနောက် သပိတ်မှောက်ကောင်စီသည် ဒီဇင်ဘာလ ၈ ရက်နေ့တွင် အောက်ပါကြေညာချက်ကို တိုင်းပြည်သို့ ထုတ်ပြန်ကြေညာလိုက်လေသည်-

**တိုင်းသူပြည်သားများသို့**

ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်ရှိ ကျွန်တော်တို့ကျောင်းသားအားလုံးတို့သည် အဆုံး၌ ဘယ်လိုဖြစ်မည်ကိုသေချာမသိရသေးသောကိစ္စတစ်ခုကို စတင်ပြုလုပ်ကြပါသည်။ သို့ရာတွင် ကျွန်တော်တို့သည် တရားနည်းလမ်းမှန်ကန်ကြောင်းကို ကောင်းမွန်ခိုင်မြဲစွာ သိရှိရပါသည်။ ကျွန်တော်တို့သည် တစ်တိုင်းတစ်ပြည်လုံး ကျွန်တွင်းကမည်သည့်အခါမှ မလွတ်မကင်းမည့် ဗျူရိုကရက်တို့၏ သိပ္ပံကျောင်းဥပဒေကို ထုခြေဖျက်ဆီးရန် အကြံရှိပါသည်။ ကျွန်တော်တို့သည် တိုင်းသူပြည်သားတို့၏ စိတ်အားထက်သန်သော အကူအညီအားဖြင့် လူငယ်များက ခုခံဖြိုဖျက်ခြင်းမှတစ်ပါး အခြားသောနည်းဖြင့် တိုင်းပြည်ကို ကယ်ဆယ်ဖို့ရာ နည်းလမ်းမရှိပြီဟု ယုံကြည်ပါ၏။ ကျွန်တော်တို့သည် မြန်မာနိုင်ငံရှိ လူအများတို့၏ ပညာအဆီအနှစ်နှင့် ပြည့်စုံသော ကျောင်းသားများဖြစ်မည်ကို ရည်သန်၍ ကူညီစောင်မရန် တောင်းပန်ပြောကြားပါသည်။ ကျွန်တော်တို့စိတ်ထဲ၌ စွဲမြဲစွာယုံကြည်သော ဤလုပ်ငန်းကြီးသည် တိုင်းပြည်၌လိုအပ်သော အချက်ကြီးတစ်ခုကို ထုတ်ဖော်ပြောဆိုခြင်းပင် မည်ပါသည်။ (ဤကား အခြားမဟုတ်၊ အမျိုးသားသိပ္ပံကျောင်းကြီး ပေတည်း) ထိုကျောင်းကြီးမှာ မြန်မာနိုင်ငံ၏သားသမီးများနှင့် သင့်လျော်သော ပညာရပ်များကို ရနိုင်ပေရာသည်။ အိန္ဒိယနိုင်ငံ၌ အမျိုးသားကျောင်းတွေ အလိုအလျောက် ပေါ်ပေါက်လာကြပေရာ မြန်မာနိုင်ငံကလည်း နောက်မကျရအောင် မြန်မာတို့သည် နိုင်ငံသားစစ်၍ ချစ်ခဲ့ပါလျှင် **ဘယ်နံ့ရောအခါမျှ** မတည်ထောင်နိုင်ဘဲ ရှိလိမ့်မည်မဟုတ်ပါ။ စိတ်ပါလက်ပါလုပ်လျှင် မုချဖြစ်ပါလိမ့်မည်။

**စာမျက်နှာ ၇ သို့** ❖

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မလေးရှားနိုင်ငံတွင် မြန်မာအလုပ်သမားများ ကာကွယ်စောင့်ရှောက်နိုင်ရေး လူမှုရေးအသင်းအဖွဲ့ များနှင့်တွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပသည့် (၂၅) ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ယမန်နေ့ ညနေပိုင်းတွင် ကွာလာလမ်ပူလေဆိပ်သို့ ရောက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိန်ဦးနှင့်အတူ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် Le Meridien ဟိုတယ်၌ မလေးရှားနိုင်ငံရောက် ကပုန်း(၇)ရက်သားသမီး နာရေးကူညီမှုအသင်း၊ နှလုံးလှုပရဟိတလူငယ်များ သွေးလှူရှင်အဖွဲ့၊ ဒါနကုသလနာရေးကူညီမှုအသင်း(ပီနန်)၊ အာသောကကျန်းမာရေးဖောင်ဒေးရှင်း(ဂျိုဟိုး)၊ ထိန်းသိမ်းရေးစခန်းတာဝန်ခံ(ဂျိုဟိုး)နှင့် မြန်မာမူဆလင်အသင်း(မလေးရှား)တို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာရွှေ့ပြောင်းအလုပ်သမားများကို မလေးရှားနိုင်ငံသို့ ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများမှ တစ်ဆင့် တရားဝင်စေလွှတ်ပေးလျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်သူများကို တရားဝင်ဖြစ်ရေးအတွက် ထိုင်းနိုင်ငံနှင့်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ တရားမဝင်သွားရောက်သူ ၁ ဒသမ ၂ သန်းကျော်ကို ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ပြားထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့အတူ မလေးရှားနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို အလုပ်သမားအခွင့်အရေးအပြည့်အဝရရှိရေးနှင့် လူမှုကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် သံအမတ်ကြီးဦးဆောင်မှုဖြင့် အလုပ်သမားသံအရာရှိနှစ်ဦးကို တာဝန်ပေးအပ်ထားပါကြောင်း၊ မြန်မာရွှေ့ပြောင်းအလုပ်သမားများအပေါ် အလုပ်ရှင်နှင့် အေဂျင်စီတို့မှ မတရားအမြတ်ထုတ်မှုများ မရှိရန် အလုပ်ရှင်၊ အလုပ်သမားအလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ နေရာမှန်၊ အလုပ်မှန်ဖြစ်ရန် သက်ဆိုင်ရာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ အကာအကွယ်ပေးနိုင်ရန်လိုကြောင်း၊ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(C of I) ထုတ်ပေးနိုင်မှုသည် နိုင်ငံသားဖြစ်ကြောင်း အတည်ပြုပြီးမှသာ ဆောင်ရွက်ရသည်ဖြစ်၍ လူမျိုး၊ဘာသာမရွေး မိမိနိုင်ငံသားမှန်ကန်ပါက ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လူမှုအဖွဲ့အစည်းများအနေဖြင့် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် အလုပ်သမားသံအရာရှိများထံ ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက မလေးရှားနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ထိခိုက်ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်းနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်ရရှိနိုင်ရေး ဆောင်ရွက်ပေးနေမှု၊ အလုပ်သမားသေဆုံးမှုရှိပါက မိခင်နိုင်ငံသို့ပြန်လည်ပို့ဆောင်ရေး သို့မဟုတ် မလေးရှားနိုင်ငံတွင် နာရေးကိစ္စဆောင်ရွက်နိုင်ရေး လူမှုရေးစိတ်ဓာတ်ဖြင့် ကူညီဆောင်ရွက်ပေးမှု၊ တရားမဝင်ပွဲစားများနှင့် ဆက်သွယ်ဆောင်ရွက်မှု မပြုရေးအတွက် အလုပ်သမားများကို အသိပေးရန်လိုအပ်မှု၊ မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်းများရှိ မြန်မာနိုင်ငံသားအလုပ်သမားများကို ပြန်လည်ပို့ဆောင်ရန် ကူညီဆောင်ရွက်ပေးမှု၊ ၂၀၁၉ ခုနှစ် နှစ်ဦးပိုင်းတွင် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို မလေးရှားနိုင်ငံမှခေါ်ယူရန် ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာသံအမတ်ကြီး ဦးစိန်ဦးက မလေးရှားနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လူမှုအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ အချိန်မရွေးအကြောင်းကြားပါက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မလေးရှားနိုင်ငံတွင် တရားမဝင်လာရောက်သူများအနေဖြင့် UNHCR ရုံးသို့ သွားရောက်မှတ်ပုံတင်ပြီး UNHCR ကတ်ကိုင်ဆောင်၍ နေရာအနှံ့တွင် ကျပန်းလုပ်ကိုင်လျက်ရှိကြောင်း၊ မလေးရှားလူဝင်မှုကြီးကြပ်ရေးဌာနမှ စီမံချက်အရ ဖမ်းဆီးချိန်တွင် ဖမ်းဆီးခံရသူများအနေဖြင့် ပြစ်ဒဏ်ကျခံပြီး ထိန်းသိမ်းရေးစခန်းများသို့ရောက်ရှိချိန်တွင် မြန်မာသံရုံးမှ သွားရောက်စိစစ်ပြီး မြန်မာနိုင်ငံသားမှန်ကန်ပါက နိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က မလေးရှားနိုင်ငံရှိ ဆီလန်ဂေါ၊ ဂျိုဟိုး၊ ကွာလာလမ်ပူ၊ ပီနန်၊ မလကာပြည်နယ်များရှိ ကုန်ထုတ်လုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်း၊ စားသောက်ကုန်ထုတ်လုပ်ငန်း၊ လျှပ်စစ်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်သည့် လုပ်ငန်းများတွင် တရားဝင် မြန်မာအလုပ်သမား နှစ်သိန်းကျော်ဝင်ရောက်လုပ်ကိုင်လျက်ရှိပြီး တရားမဝင် အလုပ်သမားများလည်း ရောက်ရှိလုပ်ကိုင်နေကြောင်း၊ နိုင်ငံသားများနှင့်ဖွဲ့စည်းထားသည့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် မြန်မာအလုပ်သမားများ၏ အခက်အခဲများကို သတင်းရရှိသည်နှင့် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် အလုပ်သမားသံအရာရှိတို့ထံ အချိန်နှင့်တစ်ပြေးညီ သတင်းပေး၍ ပူးပေါင်းဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

## ○ မြန်မာနိုင်ငံပိုက်ကျော်ခြင်းမှ

အဆိုပါ ၂၀၁၈ ခုနှစ် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် လက်ရွေးစင်တန်း၊ အလွတ်တန်း၊ လူသစ်တန်းနှင့် အမျိုးသမီးတန်း(Open)တို့ဖြင့် အတန်းလေးတန်းခွဲထားသည်။ ပြိုင်ပွဲတွင် စုစုပေါင်း အသင်း ၈၀ မှ စုစုပေါင်း အားကစားသမား ၃၈၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အလွတ်တန်းပြိုင်ပွဲ၌ ပိုက်ကျော်ခြင်းကစားသမားများအဖြစ် နိုင်ငံခြားတွင် ကစားဖူးသူများမှအပ အလွတ်တန်းကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း၊ လူသစ်တန်းပြိုင်ပွဲတွင်မူ ဝန်ကြီးဌာနအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်နှင့် AUG ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကစားသမားများမှအပ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**

❖ စာမျက်နှာ ၆ မှ

ဤနှင့် ကျောင်းသားသပိတ်ကြီးသည် တစ်နိုင်ငံလုံး ပျံ့နှံ့သွားခဲ့လေသည်။ ဒီဇင်ဘာလ ၁၆ ရက်နေ့အထိ အရေးတော်ပုံ ၁၀ ရက်ကာလအတွင်း မန္တလေး၊ မော်လမြိုင်၊ ပြည်၊ ပုသိမ်၊ ပဲခူး၊ လက်ပံတန်း၊ သာယာဝတီ၊ ညောင်တုန်း၊ သထုံ၊ ပျဉ်းမနား၊ စစ်ကိုင်း၊ ရွှေတောင်၊ မြင်းခြံ၊ ဟင်္သာတ၊ သုံးခွ၊ မင်းဘူး၊ မြန်အောင် မြို့များသို့ သပိတ်အရေးတော်ပုံ ကူးစက်သွားပြီး ကျောင်း ၄၄ ကျောင်း သပိတ်မှောက်ကြလေတော့သည်။

တစ်နိုင်ငံလုံးတွင် သပိတ်မှောက်အရေးတော်ပုံများသည် ဒီရေအလား တိုးပွားပျံ့နှံ့လာသည်။ တစ်နယ်မှသည် တစ်နယ်သို့၊ တစ်မြို့မှသည် တစ်မြို့သို့ နယ်တိုင်း၊ မြို့တိုင်း၌ ကျောင်းသားများ၏ သပိတ်မှောက်ပွဲများဖြင့် ဖုံးလွှမ်းလာတော့သည်။ ကျောင်းသားများ သပိတ်မှောက်သည်နှင့် ကျောင်းသားမိဘ၊ ပြည်သူပြည်သားတို့က အသင်းအဖွဲ့အလိုက်လည်းကောင်း၊ တစ်ဦးချင်းအလိုက်လည်းကောင်း ထက်ကြပ်မကွာ လိုက်ပါကာ အားပေးကူညီကြလေသည်။

ထို့ကြောင့် သပိတ်အရေးတော်ပုံသည် တစ်မျိုးသားလုံး၏ အရေးတော်ပုံကြီးအဖြစ်၊ တစ်နိုင်ငံလုံး၏ အထွေထွေသပိတ်မှောက်အရေးတော်ပုံကြီးအဖြစ် တစ်ဟုန်ထိုးဖြစ်ပေါ်ကြီးထွားလာခဲ့သည်။ ယင်းမှနေ၍ ဗြိတိသျှကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုကြီးအထိ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

သပိတ်မှောက်ကောင်စီမှ နယ်များသို့ လွှတ်လိုက်သည့် စည်းရုံးရေးမှူးများသည် အမျိုးသားပညာရေးအကြောင်းကို ဟောပြောကြသည်။ နယ်ခံမြို့မိ မြို့ဖများကလည်း လှိုက်လှဲစွာကြိုဆိုကြသည်။ စည်းရုံးရေးမှူးတို့၏ ဟောပြောမှုကြောင့် အမျိုးသားစိတ်များ နိုးကြားလာခဲ့ပြီး အမျိုးသားကျောင်းများ မှိုပေါက်သလို ပေါ်လာတော့သည်။ အမျိုးသားကောလိပ်ကျောင်းကြီးကိုလည်း ၁၂၈၃ ခုနှစ် ဝါခေါင်လဆန်း ၁၁ ရက် (၁၉၂၁ ခုနှစ် ဩဂုတ်လ ၁၄ ရက်)နေ့တွင် ရန်ကုန်မြို့ ဗဟန်းရပ် ရွှေကျင်ကျောင်းတိုက်ကြီးတွင် ဖွင့်လှစ်နိုင်ခဲ့သည်။

၁၉၂၀ ပြည့်နှစ် ယူနီဗာစတီကောလိပ်ကျောင်း သပိတ်ကြီးသည် အိပ်မောကျနေသော မြန်မာအမျိုးသားများအား သူ့ကျွန်ဘဝတွင် နေရသည်ထက် (သေသော်မှတည့် သြော် ကောင်း၏) ဟူသော အမျိုးသားစိတ်၊ အမျိုးသားမာန်များ ပြန်လည်နိုးကြားတက်ကြွစေရန် လှုံ့ဆော်ပေးခဲ့ရာ ယင်းသပိတ်ကြီး စတင်ပေါ်ပေါက်ခဲ့သည့်နေ့ကို နေ့ထူးနေ့မြတ်အဖြစ်သတ်မှတ်၍ အမှတ်တရ ဂုဏ်ပြုအပ်သည့် သဘောရလာကြလေသည်။

၁၉၂၁ ခုနှစ် အောက်တိုဘာလတွင် မန္တလေးမြို့၌ ကျင်းပသော နဝမအကြိမ်မြောက် ဂျီစီဘီအေ ကွန်ဖရင့်ကြီး၌ နေရှင်နယ်ဒေးခေါ် အမျိုးသားတို့အတွက် နေ့ထူးနေ့မြတ်တစ်ရပ် သတ်မှတ်သင့်ကြောင်း ဆွေးနွေးကြလေသည်။ ထိုအခါ ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သော ဦးမြင့်က ဗြိတိသျှကိုလိုနီပညာရေးစနစ်ကို တော်လှန်ပုန်ကန်သောအားဖြင့် ယူနီဗာစတီသပိတ်ကျောင်းကြီး သပိတ်မှောက်ခဲ့သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို နေရှင်နယ်ဒေးခေါ် အမျိုးသားနေ့အဖြစ် သတ်မှတ်သင့်ကြောင်း အဆိုတင်သွင်းခဲ့သည်။ အချို့ကလည်း သီပေါမင်းပါတော်မူနေ့၊ အချို့က ဦးဥတ္တမကိုယ်တော် အပြစ်ပေးခံရသောနေ့များကို သတ်မှတ်ရန် အဆိုတင်သွင်းကြသည်။

၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ဂျူဗလီဟောရုံကြီး၌ ဂျီစီဘီအေအသင်းချုပ်ကြီး ကွန်ဖရင့်တွင် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို နေရှင်နယ်ဒေး ခေါ် အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ပြီး နှစ်စဉ်နှစ်တိုင်း မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အမျိုးသားအောင်ပွဲနေ့ကို ကျင်းပလာနိုင်ခဲ့လေသည်။

ပထမဆုံး အမျိုးသားအောင်ပွဲနေ့ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ မစ္စတာ မောင်မှိုင်းက အောက်ပါအတိုင်း နေရှင်နယ်ဒေးဘွဲ့ လေးချိုးကြီး စပ်ဆိုခဲ့လေသည်-

### ဘဟန်းသူမ ကုမ္မာရီ နေရှင်နယ်ဒေး ဘွဲ့

**လေးချိုးကြီး**

**အေးဆုမြတ်လှို့ ယမုန်သောင်ရေကမ်းပေပ**
**လေးဆူ ဓာတ်ပုံ ဒဂုန်တောင်ခြေစခန်းတွင်မှ**
**နောင်အရှေမန္တမ်း**
**ပြောင်အသရေ လျှမ်းဝေသောရယ်လို့**
**ဇောစိတ်ပဋ္ဌနာ**
**(အိုရှင်)အောင်မြေဘဟန်းဆီက ညောင်သပြေပန်းတွေနဲ့**
**အောင်ဝေမှန်းပါတဲ့ ကောလိပ်ပါ။**
**(သြော်) အကြောင်းပြရမှာဖြင့်**
**တစ်ကောင်းက စပါလို့**
**ခေတ္တရာသည် တစ်လျှောက်ကဲ့ပြင်**
**ပြည်ပေါ်က္ကံ ရွှေမြင်းစိုင်းမှာတော့**
**(သြော်) သမိုင်းစာရင်းအရ သတင်းလှခဲ့တဲ့**
**မင်းမျှ ဘုန်းတဆောင် မဟာသမတတွေနှင့်**
**စစ်ကိုင်း ပင်းယ အင်းဝ ကုန်းဘောင်**
**အခါလှစဉ်ကတော့**
**သာသနဒါယကာတွေ ထောင်ရောင်ခြည်ကြောင့်**
**မှောင်မသီ ပြောင်ကြည်လို့ ရွှန်းတဲ့ပြင်**
**တောင်ဒီမှာ အောင်စည်နဲ့ ယွန်းခဲ့တယ်**
**ထွန်းလဲ့အခါတွေကိုနော်ရှင်**
**တဝန်း၊ တဖွဲ့ညွှန်းသနဲ့ပ**
**လွန်းတဲ့ ဆရာ။**
**နေနန်းအိမ်ရှင်**
**ရာဟုဖမ်းသည်သို့**
**ပြေမန်းနှစ်ကြိမ် မြန်မာဇမ္ဗူကြငှန်းတွင်မှ**
**ကမ္ဘာဥဒါန်းမှာဖြင့် အရိုးအစဉ်ကွာ**
**တန်ခိုးအကြင် အာဏာရယ်နှင့်**
**မထင်သမ္မာသေး၊**
**(အိုရှင်)တစ်မျိုး(အင်ပါယာ)တွင်မှ အဝင်အပါထွေး။**
**မဖြောင်စွာလေလေ့ မဖြောင့်စွာ**
**တမှောင် အာဏာနှင့်**
**ထောင့်နှစ်ရာရှစ်ဆယ့်နှစ်ဟာက**
**တစ်ခေတ်တစ်ခါ အချိန်တင့်**
**မြန်မာ့ဘောင်ပျော်ဘွယ်အချက်တွေနှင့်**
**လတန်ဆောင်ကျော် ဆယ်ရက်တွင်မှ**
**ပေါ်ထွက်ကာ တစ်မူပြီတဲ့**
**ယူနီဗာစီတီ အက်ကယ်လို့**
**အဆက်နွံတွင် မကွာဖို့**
**တသက်ဝန်တင်စရာပ**
**ကျွန်ပညာ နိသျှည်းကိုဖြင့်**
**ဟိတ်ကြီး-တဟန် မထင်လို့မို့**
**မြန်ခွင်မှာ ကိုင်း ယောကျ်ား ဟဲ့လို့**
**မခံချင်ရှာသူ (ဘွိုင်းကောက်တာ တွေမဖြင့်**
**စွန့်စားကာ ရုံးညှာတန်းခဲ့သမို့**
**စခန်းမြန်မာ ပလ္လင်မလေ)**
**မှန်နန်းရာဇဝင်ကလည်း သစ်ချိန်နှင့်**
**နှစ်နှစ် နှစ်ခါ လည်ခဲ့ပေါ့**
**ပါရမီပြောင်ပြောင် အကဲရယ်နှင့်**
**မကြာမီ အခေါင်စွဲရအောင်ဟာ**
**(အမယ်မင်း) အနှောင် မပြစေရ မှောင်ထဲကထရမယ့်**
**မြန်မာသဘင်အခါ ရွှေးကြတဲ့**
**(အိုရှင်) ဂျောင်ထဲက တကာမတွေတောင်မှ**
**နောင်အထဲလှစေမယ့်**
**အောင်ပွဲအစ ပထမ မင်္ဂလာ ဒေး။**

ထိုနေ့ ထိုရက်သို့ ရောက်တိုင်း ကျောင်းသားနှင့် ပြည်သူတို့သည် စည်းလုံးညီညွတ်စွာ လက်တွဲလျက် စီတန်းလှည့်လည်ခြင်း၊ ဆန္ဒပြခြင်း၊ ကျွန်စိတ် ကျွန်သွေးများကို ပယ်၍ သခင်စိတ် သခင်သွေးများ ပေါ်ပေါက်လာအောင် ဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ အမိနိုင်ငံလွတ်မြောက်ရေးအတွက် သစ္စာဓိဋ္ဌာန်ပြုခြင်း စသည်တို့ကို လုပ်ဆောင်ခဲ့ကြသည်မှာ ယနေ့တိုင်အထိပင် ဖြစ်လေသည်။

**ရည်ညွှန်း**

**၁။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ‘အမျိုးသားနေ့နှင့် အမျိုးသား ပညာရေး လှုပ်ရှားမှုသမိုင်း’**
**၂။ ဦးဇကျော်၊ ‘မြန်မာနိုင်ငံ အမျိုးသားပညာရေး သမိုင်း’**
**၃။ မြဟန်၊ ‘ကိုလိုနီခေတ် မြန်မာ့သမိုင်း အဘိဓာန်’**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ (၂၅)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးတက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၈**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ယနေ့နံနက်ပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပသည့် (၂၅)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ မလေးရှားနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနမှ အလုပ်သမားဝန်ကြီး Mr. Kula Segran နှင့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့်အလုပ်သမား အရာရှိကြီးများ တက်ရောက်ကြပြီး မလေးရှားနိုင်ငံ အလုပ်သမားဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံထိပ်သီးအစည်းအဝေးများ၊ အာဆီယံအသိုက်အဝန်းကောင်စီ အစည်းအဝေးများနှင့် အခြားသောဆက်စပ်အာဆီယံအစည်းအဝေးများတွင် အလုပ်သမားရေးရာနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များကို မှတ်တမ်းတင်ခြင်း၊ စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၃)ကြိမ်မြောက် အာဆီယံအဆင့်မြင့် အလုပ်သမားအရာရှိကြီးများ အစည်း




အဝေးနှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပခဲ့သည့် (၁၄)ကြိမ်မြောက် အာဆီယံအဆင့်မြင့် အလုပ်သမားအရာရှိကြီးများ အစည်းအဝေး အစီရင်ခံစာများကို အတည်ပြုခြင်း၊ (၃၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များ လက်မှတ်ရေးထိုးခဲ့သည့် **"ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးဆိုင်ရာ အာဆီယံသဘောတူညီချက်"** အကောင်အထည်ဖော်ရေး၊ ၂၀၁၇ ခုနှစ် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကမ္ဘာ့ညီလာခံတွင် အာဆီယံအလုပ်သမားဝန်ကြီးများ လက်မှတ်ရေးထိုးခဲ့သော **"ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတိုးတက်မှုဆိုင်ရာ အာဆီယံအလုပ်သမားဝန်ကြီးများကြေညာချက်"** အကောင်အထည်ဖော်ရေး၊ (၂၈)ကြိမ်မြောက်နှင့် (၂၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများတွင် အာဆီယံခေါင်းဆောင်များ အတည်ပြုချမှတ်ခဲ့သော **"အာဆီယံဒေသတွင်း သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်တိုးမြှင့်ရေးအတွက် စုစည်းမှုမရှိသော/သမားရိုးကျမဟုတ်သော အလုပ်အကိုင်မှ စုစည်းမှုရှိသော/သမားရိုးကျအလုပ်အကိုင်သို့ ကူးပြောင်းရေးဆိုင်ရာ ဗီယန်ကျင်း ကြေညာစာတမ်း"** အကောင်အထည်ဖော်ရေးနှင့် (၃၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များ အတည်ပြုချမှတ်ခဲ့သော **"အာဆီယံအသိုက်အဝန်း၏ အလုံးစုံတိုးတက်မှုနှင့် ညီမျှမှုအတွက် အစိမ်းရောင် အလုပ်အကိုင်များ တိုးမြှင့်ရေးဆိုင်ရာ အာဆီယံကြေညာစာတမ်း"** အကောင်အထည်ဖော်ရေးတို့ကို ပါဝင်ဆွေးနွေးသည်။

(၂၆)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

### ကျောဖုံးမှ

ဦးခွန်မြင့်အောင်နှင့် ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့(PNO)၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုအခါတွင် ပအိုဝ်းဒေသသည် တည်ငြိမ်အေးချမ်းလျက်ရှိပြီး ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့(PNO)၏ ဆောင်ရွက်ချက်များအား ကျေးဇူးတင်ရှိပါကြောင်း၊ ထို့အတူ နယ်မြေတည်ငြိမ်အေးချမ်းရေးသာမက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော စီးပွားရေးနှင့် စက်မှုလုပ်ငန်းများဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ယခုအခါ ပြည်သူများမှရွေးချယ်သည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်၌ လျှောက်လှမ်းလျက်ရှိရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း တည်ရှိပြီးပြည်ထောင်စုကြီးအတွင်း စုပေါင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ ညီရင်းအစ်ကိုသဖွယ် စိတ်ဓာတ်၊ မိသားစုသဖွယ် စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းရင်းသားအားလုံး အုပ်ချုပ်ရေးအပါအဝင် နယ်ပယ်ပေါင်းစုံ၌ အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ဦးဆောင်ဦးရွက်ပြုနိုင်ကြရန်၊ မိမိနေရာ၊ မိမိဒေသအတွက် တာဝန်ထမ်းဆောင်နိုင်ကြစေလိုကြောင်း၊ အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက ပြိုင်ဘက်ကဲ့သို့ ကြိုးစားအားထုတ်ကြရမည်ဖြစ်သော်လည်း မိမိတို့နိုင်ငံတွင်း နေထိုင်မှုအတွက် တစ်မိသားစုစိတ်ဖြင့် နေထိုင်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့(PNO)နာယက က ပအိုဝ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့်တပ်မတော်မှ ကူညီဆောင်ရွက်ပေးနေမှုများအား ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ တိုင်းရင်းသားအားလုံးသည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လေတည်း ရှူရှိုက်နေကြရသောကြောင့် အားလုံး တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာဖြင့် နေထိုင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ ပအိုဝ်းတိုင်းရင်းသားများသည် နိုင်ငံအနှံ့အပြားတွင် များစွာနေထိုင်ကြသည်ဖြစ်၍ တိုင်းရင်းသားအားလုံးအပေါ် လူမျိုးစွဲမထားဘဲ ညီအစ်ကိုမောင်နှမစိတ်ဓာတ်ဖြင့် နေထိုင်လျက်ရှိကြကြောင်း ပြောကြားသည်။

ယင်းနောက် ပအိုဝ်းဒေသတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တပ်မတော်မှ ကူညီဆောင်ရွက်ပေးမည့်အခြေအနေများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် အခြေအနေများကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

### ဂျာမနီနိုင်ငံမှ

စစ်တွေဆေးရုံကြီးမှ ဆရာဝန်များ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ လည်ပင်းကြီးရောဂါ၊ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ၊ မီးလောင်ဒဏ်ရာ၊ ခြေပူးလက်ပူးနှင့် အဆီကျိတ် စသည့် လူနာ ၂၀ ကျော်ကို ခွဲစိတ်ကုသပေးကြောင်း သိရသည်။

အဆိုပါ ခွဲစိတ်ကုသနေမှုများကို စစ်တွေမြို့ အလိုတော်ပြည့်ကျောင်းတိုက် ဆရာတော် ဦးပညာဇောတ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးညီညီမင်းနှင့် မြန်မာနိုင်ငံ စားဖိုမှူးများအသင်းမှ မစ္စတာအိုလီဘာတို့က ကြည့်ရှုအားပေးကြပြီး ခွဲစိတ်ကုသမှုခံယူရန် စောင့်ဆိုင်းနေကြသော လူနာများနှင့် ခွဲစိတ်ကုသပြီး လူနာများကို တွေ့ဆုံအားပေးစကားပြောကြား၍ လူနာများ ခွဲစိတ်ကုသရာတွင် ကူညီဆောင်ရွက်ပေးကြသည့် ဆေးရုံကြီးမှ ဆရာဝန်များနှင့် သူနာပြုများအတွက် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေများကို ပေးအပ်သည်။ **တင်ထွန်း(ပြန်/ဆက်)**

# (၁၈)ကြိမ်မြောက် အာဆီယံမိတ်ဖက် အမျိုးသမီးအဖွဲ့အစည်းများ ညီလာခံကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**
မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ASEAN Confederation Women's Organizations တို့ ပူးပေါင်းကျင်းပသည့် Handing Over Ceremony of 18th to the 19th ACWO Presidency အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။




အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့် အညီ ပြင်ဆင်ဖွဲ့စည်းထားပြီး မူဝါဒအသစ်များကို ချမှတ်ထားရှိပါကြောင်း၊ ပြန်လည်ဖွဲ့စည်းထားသော ကော်မတီတွင် ပြည်ထောင်စုဝန်ကြီးဌာနများသာမက အမျိုးသမီးအရေးကို တက်ကြွစွာ ဆောင်ရွက်နေသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ ကျား၊ မရေးရာ တန်းတူညီမျှရေးကွန်ရက်၊ အမျိုးသမီး အဖွဲ့အစည်းများကွန်ရက်၊ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်းအဖွဲ့များက အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ အကြမ်းဖက်မှုပပျောက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် လှုပ်ရှားဆောင်ရွက်နေကြသကဲ့သို့ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ တွေ့ကြုံခံစားနေရသည့် အခက်အခဲပြဿနာများကို ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်မှုဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ(မူကြမ်း)၊ ပြည့်တန်ဆာဆိုင်ရာဥပဒေ(မူကြမ်း) တို့ကို ရေးဆွဲထားပြီးဖြစ်ကြောင်း၊ ထို့အပြင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း(၂၀၁၃-၂၀၂၂) အပေါ် ဝန်ကြီးဌာနများ၏ အကောင်အထည်ဖော် ဆောင်ရွက်မှု၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု၊ အရပ်ဘက်လူမှုရေး အဖွဲ့အစည်းများက ပြည်သူများ၏ လိုအပ်ချက်အပေါ် ပံ့ပိုးဆောင်ရွက်မှုတို့ကို ပြန်လည်သုံးသပ်ပြီး လိုအပ်သည့် လမ်းညွှန်ချက်များ ချမှတ်ပေးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအမျိုးသမီးရေးရာကော်မတီ၊ အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်တို့၏ လုပ်ငန်းစီမံချက်(၂၀၁၆-၂၀၂၀)ပါ လုပ်ငန်းများတွင်လည်း တက်ကြွစွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီမှ တာဝန်ရှိသူများနှင့် အာဆီယံမိတ်ဖက် အမျိုးသမီးအဖွဲ့အစည်းများ တက်ရောက်ကြသည်။ **သတင်းစဉ်**

**JICA SME Two-Step Loan စီမံချက်အရ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသို့ နှစ်အလိုက် ချေးငွေထုတ်ချေးထားမှုအခြေအနေ**




ဇာစ်မြစ် ။ မြန်မာ့စီးပွားရေးဘဏ်
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

# သတင်းသမားတွေအနေနဲ့ ဘာရှိသင့်သလဲဆိုတော့ နိုင်ငံအပေါ်၊ နိုင်ငံရဲ့အရေးအပေါ်မှာ လေးနက်မှုရှိဖို့လိုတယ် နိုင်ငံကိုချစ်တဲ့စိတ်နဲ့ အမျိုးသားရေးစိတ်လည်းရှိဖို့လိုလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။

ဦးကျော်နိုင်(ထက်မြက်)

**လတ်တလော ပြင်ပတွင်ထွက်ပေါ်နေသည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်အချို့၏ တစ်ဖက်သတ် ကောက်ချက်ချဝေဖန်ပြောဆိုနေမှုများ၊ ထိုမှဆက်၍ အခြားသူများကပါ ထင်မြင်ရာကို ဝင်ရောက်ဆွေးနွေးပြောဆိုနေမှုများနှင့် ပတ်သက်၍ နိုဝင်ဘာ ၂၆ ရက်တွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများထံ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-**

**(ယမန်နေ့မှ အဆက်)**
**ဦးကျော်နိုင်(ထက်မြက်)**
**(ဒုတိယဥက္ကဋ္ဌ-၂၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ)**

နိုဝင်ဘာလ ၂၃ ရက်နေ့က နိုင်ငံတော်သမ္မတကြီးထံမှာ သတင်းမီဒီယာကောင်စီဝင် ၂၉ ယောက် ကတိသစ္စာပြုဖို့ နေပြည်တော်ကို သွားတယ်။ နေ့လယ်ပိုင်းမှာ သမ္မတကြီးဆီမှာ ကတိသစ္စာပြုတယ်။ ကတိသစ္စာပြုပွဲမှာ မီဒီယာနဲ့ ပတ်သက်တဲ့ သဘောထားတွေ အားလုံးကို သမ္မတကြီးက မိန့်ခွန်းမှာ ထည့်ပြောပါတယ်။ နောက် ညနေပိုင်း ကျွန်တော်တို့ကို ညစာစားပွဲ တည်ခင်းဧည့်ခံတဲ့ပွဲကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်ပါတယ်။

မကြုံဖူးတာကတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အားလုံးကို လှမ်းခြုံပြောတာထက် ကောင်စီဝင်တွေရှိတဲ့ စားပွဲဝိုင်းတိုင်းကို သူကိုယ်တိုင်လိုက်ပြီး ဆွေးနွေးပြောဆိုတာက မကြုံဖူးလောက်တဲ့ ထူးခြားချက်ဖြစ်သလို အလွန်ပွင့်လင်းမြင်သာတယ်လို့လည်း မြင်ပါတယ်။ အခုဖြစ်တာက ပွင့်လင်းမြင်သာမှုအပေါ်မှာ နားလည်မှုလွဲတယ်လို့ ကျွန်တော်မြင်ပါတယ်။ အခြားဝိုင်းတွေမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ဘာတွေပြောကြသလဲတော့ ကျွန်တော်မသိဘူး။ ကျွန်တော်တို့ ဝိုင်းကို ပြန်ရောက်လာတော့ စကားတွေ တော်တော်ပြောဖြစ်ပါတယ်။ သတင်းနဲ့ ပတ်သက်ပြီး မေးကြ၊ ပြောကြပေါ့။

**သဘောထားချမှတ်ထားခြင်းမရှိ**

အဲ့ဒီမှာ ကျွန်တော်မြင်တာက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ အမြင်ချင်းမတူတာလည်း ရှိချင်ရှိမယ်။ အဲ့ဒီမှာ သဘောထားက MPC ဆိုတဲ့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရဲ့ သဘောထားမဟုတ်ဘူး။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက အဲ့ဒီလို သဘောထားချမှတ်ထားခြင်းလည်း မရှိဘူး။ ဒါကိုတော့ ရဲရဲပြောမယ်။ အခုဟာက တစ်ဦးချင်းရဲ့ သဘောထားပဲ ဖြစ်တယ်။ တစ်ဦးချင်းရဲ့ သဘောထားကတော့ သူတို့မှာ ထားခွင့်ရှိတယ်။ သူတို့သဘောထားနဲ့ သူတို့အမြင်ရှိသလို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှာလည်း သူ့သဘောထားနဲ့ သူ့အမြင် ရှိလိမ့်မယ်ထင်တယ်။

ဆိုရှယ်မီဒီယာတွေမှာ အခုပြဿနာဖြစ်နေတဲ့ သတင်းတု၊ သတင်းမှားတွေအပေါ်မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ဇောင်းပေးတာလည်း ဖြစ်ချင်ဖြစ်မယ်။ နောက်တစ်ခါ မီဒီယာသမားတွေက မီဒီယာကျင့်ဝတ်ကို လေးလေးနက်နက် မလိုက်နာတာလည်း ရှိမယ်။ ကျွန်တော့်အနေနဲ့ကတော့ Social Media ကို အယုံအကြည်နည်းတယ်။ Social Media ကို ကြည့်တယ်၊ ဖတ်တယ်။ အဲ့ဒီမှာပါတဲ့ သတင်းတွေ၊ တင်ပြချက်တွေက ယေဘုယျဆန်တယ်။ ကျင့်ဝတ်နည်းတယ်လို့ ယူဆတယ်။ သတင်းသမားတွေက သတင်းတွေလိုက်တယ်၊ ရေးကြတယ်။ အချို့ လိုက်သင့်၊ မလိုက်သင့် ဆိုတာ စဉ်းစားချင်မှ စဉ်းစားတယ်။

သတင်းသမားက သတင်းရဲ့ကျင့်ဝတ်ကို လက်ခံရလိမ့်မယ်။ စောင့်ထိန်းရမယ့် ကျင့်ဝတ်တွေနဲ့အတူ သတင်းအပေါ်မှာ ညီညီညွတ်ညွတ် မျှမျှတတ ရှိဖို့ကောင်းတယ်။ ဥပမာတစ်ခုပြောမယ်။ မီဒီယာကောင်စီကို ဘာတက်လာသလဲဆိုတော့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် မိသားစုက စီးပွားရေး ဘာလုပ်တယ်၊ ညာလုပ်တယ်ဆိုပြီးတော့ပေါ့။ အဲ့ဒါနဲ့ပတ်သက်ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရက တိုင်တယ်။ အဲ့ဒီကိစ္စကို

**တစ်ချိန်တည်းမှာ ဆိုရှယ်မီဒီယာသမားတွေကို ယေဘုယျမြင်ရတာတော့ နိုင်ငံတကာမှာရော၊ မြန်မာနိုင်ငံမှာရော တချို့ နိုင်ငံတကာကူညီထောက်ပံ့မှုယူပြီးတော့ လုပ်ကြတယ်ကြားတယ်။ တိတိကျကျမပြောနိုင်ပေမယ့် အဲ့ဒီသဘော သက်ရောက်တယ်။ အဲ့ဒီအပေါ်မှာ သတင်းမီဒီယာသမားတွေအနေနဲ့ တိမ်းစောင်းမှုတွေ ဖြစ်လာတယ်။ တစ်ချိန်တည်းမှာ သတင်းသမားတွေအနေနဲ့ ဘာရှိသင့်သလဲဆိုတော့ နိုင်ငံအပေါ်၊ နိုင်ငံရဲ့အရေးအပေါ်မှာ လေးနက်မှုရှိဖို့လိုတယ်။ နိုင်ငံကိုချစ်တဲ့စိတ်နဲ့ အမျိုးသားရေးစိတ်လည်း ရှိဖို့လိုလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။**


ဦးကျော်နိုင်(ထက်မြက်)

ကျွန်တော်က သတင်းတု၊ သတင်းမှားပဲလို့၊ အဲ့ဒါက အတုကြီး။ အချိန်ကုန်ခံပြီး စစ်နေစရာတောင် မလိုဘူးလို့ ကျွန်တော်ပြောတယ်။ ဒေါက်တာဇော်မြင့်မောင်ရဲ့ ရိုးသားမှုနဲ့ စွန့်လွှတ်အနစ်နာခံမှုကို ကျွန်တော်သိတယ်။ ကျွန်တော့်အနေနဲ့ သမ္မတကြီးအပေါ်မှာ ယုံကြည်သလိုပဲ သမ္မတကြီးရဲ့ ဘဝဖြတ်သန်းမှုကို ကျွန်တော်သိတယ်။ အလွန်အနစ်နာခံတဲ့သူပါ။ သူ့ကို အဲ့ဒီလို မဟုတ်တာပြောရင် ကျွန်တော် မယုံကြည်ဘူး။ ဒေါက်တာ ဇော်မြင့်မောင်လည်း အဲ့ဒီအတိုင်းပဲ။

အဲ့ဒီသတင်းဌာနကို စုံစမ်းတဲ့အခါကျတော့ အတုကြီးဖြစ်နေတယ်။ စုံစမ်းလို့မရသလို ပေါ်လည်းပေါ်မလာဘူး။ Social Media မှာလည်း ကျင့်ဝတ်သိတဲ့ မီဒီယာသမားတွေနဲ့ တာဝန်ရှိတဲ့ အုပ်ချုပ်သူတွေနဲ့ကလည်း နားလည်မှုရှိဖို့လိုတယ်။ နားလည်မှုရှိဖို့ ကျွန်တော်တို့ မီဒီယာကောင်စီက ကြိုးစားသွားဖို့ရှိတယ်။ ပြန်ကြားရေးဝန်ကြီးဌာနနဲ့လည်း ညှိနှိုင်းပြီးပါပြီ။

**လေးနက်မှုရှိဖို့လို**

အခုက သတင်းမီဒီယာကောင်စီ ဒုတိယသက်တမ်းပေါ့။ အခုမှ ကျွန်တော်တို့လည်း ပါလာတာ။ ပထမသက်တမ်းမှာ ပါတဲ့သူတွေကလည်း များပါတယ်။ ပထမသက်တမ်းမှာလည်း သတင်းမီဒီယာကောင်စီက ထိုက်သင့်တဲ့အလုပ်တွေ လုပ်ကြမယ်လို့ ထင်ပါတယ်။ အခု မီဒီယာကောင်စီရဲ့ လှုပ်ရှားမှုတွေအားလုံးကို ကျွန်တော့်အနေနဲ့ စနစ်ကျစေချင်တယ်။ တစ်ချိန်တည်းမှာပဲ သတင်းသမားတွေကလည်း ကျွန်တော်တို့အပေါ် လေးနက်မှုရှိဖို့လိုတယ်။ သတင်းမီဒီယာကောင်စီအနေနဲ့ သတင်းသမားတွေ ဖြစ်နေတဲ့ ပြဿနာကို မှန်မှန်ကန်ကန် ဖြေရှင်းပေးနိုင်ရမယ်။

နောက် ဝန်ကြီးတွေ ဖြုတ်မယ်ဆိုတဲ့ကိစ္စလည်း သမ္မတရုံးက တိုင်ထားတယ်။ အခုလိုတိုင်တဲ့ ကိစ္စမျိုးကတော့ သတင်းသမားက သူရတဲ့သတင်းကို သူရေးတာဖြစ်ပေမယ့် ခိုင်လုံတဲ့သတင်းဖြစ်ဖို့လိုတယ်။ ခိုင်လုံတဲ့သတင်းဖြစ်ရင် အစိုးရအနေနဲ့ကတော့ ဒါဟာ ဘယ်သူ့ဆီကရသလဲလို့ မေးချင်မေးမှာပဲ။ သတင်းသမားဘက်က ကျွန်တော်ပြောရမယ်ဆိုရင် ပြောခွင့်မရှိဘူး။ ဘယ်ကရတယ်ဆိုတာ မပြောနိုင်ဘူး။ မပြောလို့ ထောင်ချမယ်ဆို ထောင်ချခံနိုင်ရမယ်။ ဒါပေမယ့် ကျင့်ဝတ်အရ သတင်းအမှား၊ ထင်ကြေး


ဦးကျော်စွာမင်း

နဲ့တော့ မတင်ရဘူး။ အဲ့ဒီသတင်းမှာဆို ပြောထားတာက သမ္မတရုံးနဲ့ ထဲထဲဝင်ဝင်ရှိတဲ့ အနီးစပ်ဆုံးက ပြောတယ်ဆိုတော့ တံမြက်စည်းလှည်းတဲ့သူ၊ သောက်ရေထည့်တဲ့လူကလည်း ထဲထဲဝင်ဝင်ရှိမှာပဲ။ အဲဒါကြောင့်လို့တော့ ပြောလို့မရဘူး။ အဲ့ဒီသတင်းကို သမ္မတရုံးက ညွှန်ကြားရေးမှူးတစ်ယောက်က လည်းကောင်း၊ ဝန်ကြီးတစ်ယောက်ယောက်ကလည်းကောင်း ပေးတယ်ဆိုရင်လည်းပဲ ပေးတဲ့သူကို မပြောရဘူး။ တကယ်မှန်တယ်ဆိုရင်တော့ ရဲရဲဝံ့ဝံ့ရေး၊ မမှန်ဘူးဆိုရင်တော့ မရေးနဲ့။ ဒါဟာ စာနယ်ဇင်းသမားရဲ့ ကျင့်ဝတ်ပဲ။ ထင်ကြေးနဲ့ ရေးတယ်ဆိုရင်တော့ မှားတယ်ဆိုတာ ဝန်ခံသင့်တယ်။ သတင်းသမားတွေကလည်း ရိုးသားပြီး ပွင့်လင်းတဲ့သူ၊ ရေးရဲတဲ့သူဖြစ်ရမယ်။ ရေးရဲတဲ့သူဆိုပေမယ့်လည်း သတင်းအမှားတွေရေးပြီး ငါရေးရဲတယ် မလုပ်နဲ့။

**တိမ်းစောင်းမှုတွေဖြစ်လာ**

တစ်ချိန်တည်းမှာ ဆိုရှယ်မီဒီယာသမားတွေကို ယေဘုယျမြင်ရတာတော့ နိုင်ငံတကာမှာရော၊ မြန်မာနိုင်ငံမှာရော တချို့ နိုင်ငံတကာကူညီထောက်ပံ့မှုယူပြီးတော့ လုပ်ကြတယ်ကြားတယ်။ တိတိကျကျ မပြောနိုင်ပေမယ့် အဲ့ဒီသဘော သက်ရောက်တယ်။ အဲ့ဒီအပေါ်မှာ သတင်းမီဒီယာသမားတွေအနေနဲ့ တိမ်းစောင်းမှုတွေ ဖြစ်လာတယ်။ တစ်ချိန်တည်းမှာ သတင်းသမားတွေအနေနဲ့ ဘာရှိသင့်သလဲဆိုတော့ နိုင်ငံအပေါ်၊ နိုင်ငံရဲ့အရေးအပေါ်မှာ လေးနက်မှုရှိဖို့လိုတယ်။ နိုင်ငံကို ချစ်တဲ့စိတ်နဲ့ အမျိုးသားရေးစိတ်လည်း ရှိဖို့လိုလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။

အဲ့ဒါကတော့ သတင်းသမားတွေရဲ့ ကျင့်ဝတ်ထဲပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ နိုင်ငံအပေါ်မှာ ချစ်တတ်ရမယ်။ နောက်တစ်ခါ သတင်းသမားက နိုင်ငံရေးသမားမဟုတ်ဘူး။ နိုင်ငံရေးသမားဆိုတာက ခုနကပြောတဲ့ အသနားခံစာမျိုး ဘယ်တော့မှ မလုပ်ဘူး။ ကျွန်တော် နိုင်ငံရေးသမားပဲ။ ထောင်ထဲကလွှတ်ပေးဖို့ ဒါလေး လက်မှတ်ထိုးလိုက်ပါဆိုရင် မထိုးဘူး။ ထောင်ထဲမှာ ၁၅ နှစ်လောက်နေရလည်း ဘယ်တော့မှ အရှုံးမပေးဘူး။ ကိုယ့်ယုံကြည်ချက်က မှားတာမှ မဟုတ်တာကိုး။ သတင်းသမားက အဲ့ဒီလိုမရပ်တည်နိုင်ဘူး။ ငါ-ကမ္ဘာကြီးကို ပြုပြင်ပြောင်းလဲမယ်။ နိုင်ငံကို ပြုပြင်ပြောင်းလဲမယ် ဆိုတဲ့နေရာမှာ အမှန်တရားနဲ့ သတင်းအမှန်နဲ့ပဲ ပြုပြင်ပြောင်းလဲနိုင်မယ်။ စနစ်ကြီးတစ်ခုလုံးကို ပြုပြင်ပြောင်းလဲနိုင်မှာ မဟုတ်ဘူး။ အဲ့ဒါကိုလည်း သတင်းသမားတွေက နားလည်သဘောပေါက်သင့်တယ်လို့ မြင်တယ်။

သတင်းသမားပီသဖို့၊ သတင်းကျင့်ဝတ်တွေ နားလည်ဖို့လိုတယ်။ သတင်းလိုက်ရင်းနဲ့ သတင်းအကြောင်းကို သိလာလိမ့်မယ်။ ပိုကျယ်ပြန့်တဲ့အရာတွေ သိဖို့ ပြန်ကြားရေးဝန်ကြီးဌာနကလည်း သင်တန်းတွေ ဖွင့်ဖို့လိုသလို ကျွန်တော်တို့ သတင်းမီဒီယာကောင်စီကလည်း သင်တန်းတွေဖွင့်ဖို့ စဉ်းစားထားပါတယ်။ အခုမှ သက်တမ်းက လပိုင်းပဲရှိသေးတာမို့ပါ။ သတင်းမီဒီယာကောင်စီက ကျင့်ဝတ်သင်တန်းတွေပေးမယ်။ သတင်းဘယ်လိုလိုက်မလဲဆိုတာတွေ ပေးဖို့ရှိမယ်။ သင်တန်းကျောင်းတွေကလည်း အဲ့ဒီလိုအရာတွေ လုပ်ဖို့လိုတယ်။

**ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံကို ထိခိုက်မယ့်အရာမျိုး၊ ကမ္ဘာမှာ သိက္ခာကျစေမယ့်၊ နိုင်ငံ့ပုံရိပ်ကို ထိခိုက်မယ့် အရာမျိုးကျတော့ သတိထားဆင်ခြင်သင့်တယ်။ အခုလို ပွင့်လင်းလွတ်လပ်တဲ့ ကာလမျိုးမှာ အားလုံးညီညီညွတ်ညွတ် စည်းစည်းလုံးလုံး ရှိသင့်တယ်လို့ မြင်ပါတယ်။**

သမ္မတကြီးရဲ့ မိန့်ခွန်းအပေါ် ကျွန်တော့်အနေနဲ့ ထောက်ခံပါတယ်။ သမ္မတကြီးပြောတဲ့ အနေအထားမျိုးရောက်အောင်လည်း မီဒီယာသမားတွေက ဝိုင်းပြီးကြိုးပမ်းသင့်တယ်ထင်တယ်။ ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံကို ထိခိုက်မယ့်အရာမျိုး၊ ကမ္ဘာမှာ သိက္ခာကျစေမယ့်၊ နိုင်ငံ့ပုံရိပ်ကို ထိခိုက်မယ့်အရာမျိုးကျတော့ သတိထားဆင်ခြင်သင့်တယ်။ အခုလို ပွင့်လင်းလွတ်လပ်တဲ့ကာလမျိုးမှာ အားလုံးညီညီညွတ်ညွတ် စည်းစည်းလုံးလုံး ရှိသင့်တယ်လို့ မြင်ပါတယ်။

အခုကိစ္စက စိတ်ထဲသိပ်မကောင်းဘူး။ လူငယ်တွေက တက်ကြွလွန်းတယ်။ သူတို့ရဲ့အမြင်ကို သူတို့ပြောကြတာ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သတင်းသမားတွေကို အမြင်စောင်းတယ်လို့ သူတို့ကမြင်တယ်။ ကျွန်တော့်အမြင်က သတင်းမီဒီယာသမားအားလုံးကို အမြင်စောင်းတယ်လို့ မမြင်ဘူး။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သတင်းတု၊ သတင်းမှားတွေအပေါ်မှာ ပြောတာကို နှစ်ခုရောသွားတာလို့ထင်တယ်။ အခုလို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ တွေ့ရတဲ့အချိန်မှာ အလွတ်သဘောကို တကယ့်ကို ပွင့်ပွင့်လင်းလင်းပြောတာ။ ကိုယ်ပြောချင်တာပြောပဲ။ တော်တော်ကောင်းတယ်။ အဲ့ဒီအခွင့်အရေးပေါ်မှာ ဆက်ပြီးတော့ တတ်နိုင်တဲ့အပေါ်မှာ လက်တွဲကြပါလို့ ပြောချင်တယ်။ လက်မတွဲနိုင်ရင်လည်း မတွဲနိုင်တဲ့အကြောင်းကို ထိထိရောက်ရောက် ပွင့်ပွင့်လင်းလင်း ထောက်ပြကြပါ။ အခုဟာက နားလည်မှုလွဲတာလို့ ယေဘုယျသတ်မှတ်တယ်။

**ဦးကျော်စွာမင်း**
**(အတွင်းရေးမှူး၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ)**

နိုဝင်ဘာလ ၂၃ ရက် ညနေပိုင်းက သတင်းမီဒီယာကောင်စီဝင်တွေကို ဂုဏ်ပြုညစာနဲ့ တည်ခင်းဧည့်ခံတဲ့ပွဲမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကားပြောပါတယ်။ ကျွန်မ မိန့်ခွန်းပြောတာမဟုတ်ပါဘူး။ ထူးထူးထွေထွေပြောဖို့ မရှိပါဘူး။ ကျွန်မသိချင်တာလေးတော့ရှိတယ်။ သတင်းဆိုတာ ဘယ်လိုအဓိပ္ပာယ်ဖွင့်သလဲ သိချင်တယ်။ ဒါကိုရှင်းပြပေးပါဆိုပြီးတော့ နှုတ်ခွန်းဆက်တယ်။ ကောင်စီဥက္ကဋ္ဌကြီး စကားပြောအလှည့်ရောက်တော့ သတင်းဆိုတာကို ပြန်ရှင်းပြသွားတယ်။ ပြီးတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က စားပွဲဝိုင်း တစ်ဝိုင်းချင်းစီကို လိုက်လံနှုတ်ဆက်ပြီး အလွတ်သဘော ရင်းရင်းနှီးနှီး ပြောဆိုတယ်။

**နားလည်မှုတည်ဆောက်တဲ့သဘော**

ဒါကတော့ နိုင်ငံ့ခေါင်းဆောင်တစ်ဦးက မီဒီယာတွေအပေါ်မှာ နားလည်မှုတည်ဆောက်တဲ့သဘောပါ။ မဏ္ဍိုင်လေးရပ်တွေ့ဆုံပွဲတွေ ကျွန်တော်တို့ လုပ်တယ်။ မဏ္ဍိုင်လေးရပ် နားလည်မှုရအောင် တည်ဆောက်တယ်၊ အခုအုပ်ချုပ်ရေးမဏ္ဍိုင် အကြီးအကဲက စတုတ္ထမဏ္ဍိုင် အကြီးအကဲအဖွဲ့နဲ့ တွေ့ကြတယ်။ နားလည်မှုတည်ဆောက်တာလို့မြင်တယ်။ ယုံကြည်မှုကိုတည်ဆောက်ဖို့ဆိုရင် နားလည်မှုရအောင် အရင်တည်ဆောက်ရပါတယ်။ ကောင်စီကတော့

**စာမျက်နှာ ၁၀ သို့ »»»**

# သမီးသမက် ခမည်းခမက် ရုပ်ရှင်ဇာတ်ကား ဒီဇင်ဘာ ၇ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးတွင် ပြသသွားမည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

လပ်ကီးဆဲဗင်းရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ ကိုဇော် (အရက်ဦး) ရိုက်ကူးထားသည့် "သမီးသမက် ခမည်းခမက်" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြို မိတ်ဆက်ပွဲကို ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ဒီဇင်ဘာ ၇ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်သည်။

သရုပ်ဆောင် ပြေတီဦးက "ဒီဇာတ်ကားမှာ မခိုင်လေးနဲ့ လင်မယားပါ။ မခိုင်လေးက ယောကျ်ားသဘောဆိုပြီး လုပ်သမျှအကုန်ကြိုက်တယ်။ အပြင်မှာဆိုရင် လင်မယားနှစ်ယောက် ဒီလိုမျိုးချစ်ချစ်ခင်ခင်နဲ့ဆိုရင် ပျော်စရာကောင်းမှာပါ။ ဇာတ်ကားထဲမှာလည်း ပျော်စရာကောင်းပါတယ်။ ဟာသကားတွေမှာ မခိုင်လေးနဲ့ အတွဲညီတယ်လို့ပြောရတယ်။ ဒီဇာတ်ကားရိုက်ခဲ့တာ နှစ်နှစ်လောက်ကြာပါပြီ" ဟု ပြောသည်။

အဆိုပါဇာတ်ကားတွင် ပြေတီဦး၊ မိုးအောင်ရင်၊ ရဲအောင်၊ ဗေလုဝ၊ ခိုင်သင်းကြည်၊ တက္ကသိုလ် ဂွမ်းပုံ၊ အရိုင်း၊ ဝါဝါအောင်၊ ပွင့်၊ အေးသီတာ၊ ရဲမွန်၊ ချစ်လူလူ၊ ကျော်ဇင်ထွန်း၊ ဇော်ဇော်၊ ချမ်းသာ၊ ပိုပို၊ ဘဂျမ်းနှင့် အနုပညာရှင်များစွာပါဝင်ထားပြီး အချစ်ဟာသရုပ်ရှင်ဇာတ်ကားဖြစ်သည်။

သရုပ်ဆောင် ခိုင်သင်းကြည်က "ဒီကားလေးက ဟာသကားစစ်စစ်ပါ။ လင်မယားတွေ၊ သမီးသမက် ခမည်းခမက်တွေအကြောင်း ရိုက်ထားတာပါ။ အပြင်မှာဖြစ်ပျက်နေတဲ့ သဘာဝတရားနဲ့နီးစပ်နေတဲ့ ဇာတ်ကားဆိုတော့ ပရိသတ်တွေလည်း ကြိုက်ကြမှာပါ။ နောက်တစ်ကြိမ် ထပ်ကြည့်ချင်လောက်အောင်ရယ်ရတဲ့ ဇာတ်ကားလေးပါ" ဟု ပြောသည်။




သရုပ်ဆောင် ဝါဝါအောင်




သရုပ်ဆောင် တက္ကသိုလ် ဂွမ်းပုံ




သရုပ်ဆောင် ပြေတီဦး




သရုပ်ဆောင် ခိုင်သင်းကြည်

တက္ကသိုလ် ဂွမ်းပုံက "သရုပ်ဆောင်တွေအားလုံး သူ့နေရာနဲ့သူ တက်ညီလက်ညီ ရိုက်ကူးထားတဲ့ကားလေးပါ။ ဒီဇာတ်ကားမှာ မဂွမ်းအနေနဲ့ အမေအခန်းက ပါဝင်ထားပါတယ်။ ကိုယ့်ရဲ့ဇာတ်ရုပ်တွေအတိုင်း ကွက်တိဖြစ်အောင် အားလုံးကြိုးစားထားတယ်" ဟု ပြောသည်။

အဆိုပါဇာတ်ကားတွင် တောသူမကြီးတစ်ယောက်အနေဖြင့် ပြေတီဦး အမေနေရာမှ ပါဝင်ထားကြောင်း၊ ပါဝင်ကြသူများအားလုံး ဟာကွက်၊ လွတ်ကွက်မရှိအောင် သရုပ်ဆောင်ထားကြသည့်အတွက် နောက်တစ်ကြိမ် ပြန်လည်ကြည့်ရှုရန်ပင် စိတ်ကူးထားကြောင်း သရုပ်ဆောင် ဝါဝါအောင်က ပြောသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# လူငယ်ရေးရာမူဝါဒ မဟာဗျူဟာအကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ တိုင်းအဆင့်ပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၏ လူငယ်ရေးရာမူဝါဒ မဟာဗျူဟာ အကောင်အထည်ဖော်နိုင်ရေးလုပ်ငန်း အကြိုညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၆ ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းအမှတ် ၆၅ ရှိ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပခဲ့သည်။



အဆိုပါဆွေးနွေးပွဲသို့ လူငယ်ရေးရာမူဝါဒအခန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရမည့် အဓိကဦးဆောင်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့က ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဦးစီးဌာနများမှ ကိုယ်စားလှယ်ဦးစီးအရာရှိများ၊ NGO၊ INGO၊ CSO လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တိုင်းအဆင့်လူမှုရေးရာကော်မတီဝင်များ စုစုပေါင်း ၇၀ ခန့် တက်ရောက်ကြပြီး ပြည်ထောင်စုအဆင့် လူငယ်ရေးရာကော်မတီ ကိုယ်စားလှယ် ကိုထက်ပိုင်စိုး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဇင်မင်းထွေး၊ တိုင်းအဆင့်လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာကေသီကျော်(လူမှုဝန်ထမ်းဦးစီးဌာန-(ရန်ကုန်)ညွှန်ကြားရေးမှူး)တို့က ကြိုဆို နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

လူငယ်ရေးရာမူဝါဒ မဟာဗျူဟာ အကောင်အထည်ဖော်နိုင်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့်အကျုံးဝင်သော အဓိကကဏ္ဍ လုပ်ငန်းစဉ်များအရ တိုင်းလူငယ်ရေးရာကော်မတီဝင် ၂၅ ဦးတို့က ဦးဆောင်လျက် ပညာရေး၊ ကျန်းမာရေး၊ မူးယစ်ဆေးဝါးနှင့် အခြားဘေးဖြစ်စေတတ်သည့် အန္တရာယ်များ၊ အားကစားနှင့် အပန်းဖြေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း၊ စီးပွားရေး၊ နိုင်ငံရေး၊ စာပေအနုပညာနှင့် ယဉ်ကျေးမှု၊ သုတေသန၊ သိပ္ပံနှင့်နည်းပညာ၊ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှု၊ သယံဇာတသုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ငြိမ်းချမ်းရေးနှင့်ဘဝလုံခြုံရေး၊ ကျား၊ မ ညီမျှမှု၊ လူ့အခွင့်အရေး၊ နိုင်ငံတကာဆက်ဆံရေး၊ အရေးပေါ်အခြေအနေ၊ လူငယ်များရရှိနိုင်သော အခွင့်အလမ်းများ၊ လူငယ်များ၏ တာဝန်ဝတ္တရားများ၊ သက်ဆိုင်ရာအသီးသီး၏ တာဝန်ဝတ္တရားများ၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုယန္တရား၊ မူဝါဒကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ မူဝါဒအကောင်အထည်ဖော်ရန် အရင်းအမြစ်လိုအပ်ချက်များ ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ဖြည့်စွက်ခြင်းတို့ကို ကဏ္ဍအလိုက် ခေါင်းစဉ်များဖြင့် ဝိုင်းဖွဲ့၍ ဦးစားပေးကဏ္ဍများနှင့် အမျိုးသားအဆင့် မဟာဗျူဟာနှင့်ချိတ်ဆက်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်တို့ကို ဆုံးဖြတ်ချက်များ မှတ်တမ်းပြုတင်ပြကြပြီး တိုင်းအဆင့်လူမှုရေးရာကော်မတီ အတွင်းရေးမှူး မဂျူးဂျူးသန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဆွေးနွေးပွဲကို ညနေ ၄ နာရီ ၁၅ မိနစ်တွင် ရုပ်သိမ်းခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။

**သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**

»»» **စာမျက်နှာ ၉ မှ**

သတင်းမီဒီယာသမားတွေ သတင်းရယူပိုင်ခွင့်ကောင်းအောင် မဏ္ဍိုင်သုံးရပ်နဲ့ နားလည်မှုတည်ဆောက်နေပါတယ်။ တပ်မတော်နဲ့လည်း တည်ဆောက်နေတာပါပဲ။

မီဒီယာဖွံ့ဖြိုးဖို့ဆိုပြီး မြန်မာပြည်ရောက်နေတဲ့ နိုင်ငံတကာ မီဒီယာအဖွဲ့အစည်းတွေနဲ့ တွေ့တယ်။ ပူးပေါင်းလုပ်ကြတာပဲ။ ဒီနှစ် ၂၀၁၈ ထဲမှာဆိုရင် တပ်မတော်က မီဒီယာတွေကို တိုင်ကြားမှုမရှိဘူး။ အခုနိုင်ငံတော်သမ္မတကိုယ်တိုင်ကလည်း ကောင်စီကိုပဲ တိုင်ဖို့ညွှန်ကြားလာပြီ။ ဒါဟာ ကျွန်တော်တို့ နားလည်မှုတည်ဆောက်နေတဲ့ ရလဒ်တွေပါပဲ။ အခုအပြင်မှာ ထွက်ပေါ်လာတဲ့ကိစ္စတွေက ကျွန်တော်တို့ စားပွဲဝိုင်းကတော့မဟုတ်ဘူး။ ဒါကြောင့် သူတို့ဘာတွေပြောတယ်ဆိုတာတော့ ကျွန်တော်မသိဘူး။ သူတို့ပြောကြတာတွေက အလွတ်သဘောဖြစ်တဲ့အတွက် ကောင်စီတော့ ကိုယ်စားမပြုပါဘူး။ ကျွန်တော်နားလည်တာကတော့ ဒါက အပြန်အလှန်ဆွေးနွေးကြသူတွေရဲ့ တစ်သီးပုဂ္ဂလအမြင်သဘောထားပါ။

ကောင်စီဆိုတာ လုပ်ချင်တိုင်းလုပ်မရပါဘူး။ ပေးအပ်ထားတဲ့သတင်းမီဒီယာ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်တွေအတိုင်း လိုက်နာဆောင်ရွက်ရပါတယ်။ ဥပဒေ ပုဒ်မ ၁၂ အရဆိုရင် ကောင်စီသည် စာနယ်ဇင်းသမားများနှင့်စပ်လျဉ်း၍ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့်တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည်လို့ ဆိုထားပါတယ်။ ဒါကြောင့်ကောင်စီဟာ သတင်းမီဒီယာသမားတွေ ရပိုင်ခွင့်များကိုရရှိအောင် ဆောင်ရွက်ပေးခြင်း၊ သတင်းသမားတွေရဲ့ အကျိုးစီးပွားကို ကာကွယ်ပေးရုံမျှမက ကျင့်ဝတ်မလိုက်နာတဲ့ သတင်းသမား၊ မီဒီယာသမားတွေကိုလည်း ထိန်းကျောင်းပေးရမှာဖြစ်ပါတယ်။

ပုဒ်မ ၁၇ မှာကောင်စီရဲ့ လုပ်ငန်းတာဝန်တွေပြဋ္ဌာန်းထားပါတယ်။ ၁၇(က)မှာ သတင်းမီဒီယာကို စောင့်ကြည့်ခြင်းနှင့် အရည်အသွေးမြှင့်တင်ပေးခြင်းဆိုတာ ပါပါတယ်။ နည်းဥပဒေ ၁၉ (ခ)မှာလည်း ပြဋ္ဌာန်းထားပါသေးတယ်။ ဒါကြောင့်ကောင်စီအနေနဲ့ ပုဒ်မ ၁၇(က)ကို အကောင်အထည်ဖော်လုပ်ဆောင်ဖို့ စတင်ဆောင်ရွက်နေပါပြီ။ သတင်းသမားတွေလိုက်နာရမယ့် ကျင့်ဝတ်စည်းကမ်းတွေ၊ သတင်းသမားတွေသိထားရမယ့် ဥပဒေတွေကို သင်တန်းပေးသွားဖို့ စီစဉ်ထားပါပြီ။

နည်းဥပဒေ ၁၉(ခ)အရ သတင်းမီဒီယာတွေ ကျင့်ဝတ်လိုက်နာခြင်း ရှိ၊ မရှိကို စောင့်ကြည့်ဖို့ သတင်းတု၊ သတင်းမှားတွေကို စောင့်ကြည့်ဖို့၊ ကျင့်ဝတ်နဲ့ စည်းကမ်းထိန်းသိမ်းရေးကော်မတီဖွဲ့ပြီး ဆောင်ရွက်သွားဖို့ စီစဉ်ထားပြီးပါပြီ။ ကောင်စီရဲ့ အရေးကြီးတဲ့ နောက်လုပ်ငန်းစဉ်တစ်ခုက အငြင်းပွားမှုတွေ တိုင်ကြားမှုအပေါ်မှာ ညှိနှိုင်းဖြေရှင်းပေးရတာတွေပါ။ ၂၀၁၅-၂၀၁၈ ပထမသုံးနှစ်သက်တမ်းမှာဆိုရင် တိုင်ကြားမှုပေါင်း ၂၂၉ ခု ရှိခဲ့ပါတယ်။ ၂၂၀ ကျော်ကို ပြေလည်အောင်ဖြေရှင်းပေးနိုင်ခဲ့ပါတယ်။ သတင်းသမားတွေ သတင်းရယူမှုအဆင်ပြေရေးအတွက် မဏ္ဍိုင်လေးရပ် တွေ့ဆုံပွဲတွေ လုပ်ခဲ့ပါတယ်။ ပြည်ထောင်စုအဆင့် နှစ်ကြိမ် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ရှစ်ကြိမ်လုပ်ပြီးပါပြီ။ ဆက်လုပ်သွားမှာပါ။ အနောက်တံခါးအရေးနဲ့ ကမ္ဘာ့မျက်နှာစာမှာ မြန်မာကို အကျည်းတန်အောင် တွန်းပို့နေချိန်ကာလလည်းဖြစ်၊ ဒီမိုကရေစီပုံဖော်ထုဆစ်နေဆဲ ကာလလည်းဖြစ်နေချိန်မှာ ပြည်တွင်းမီဒီယာတွေကို အားကိုးပါရစေလို့ ပြောဆိုလိုက်တာပဲလို့ မြင်ပါတယ်။

**တွေ့ဆုံမေးမြန်း-ရဲခေါင်ညွှန့်၊ နန္ဒာဝင်း**






# ရခိုင်ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်တွေ နိုဝင်ဘာ ၂၈**
ရခိုင်ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်က အမှာစကားပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကြည်လင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအတွက် အရေးယူဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များ၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သတင်းပေးတိုင်ကြားမှုများအပေါ် ဖော်ထုတ်ဖမ်းဆီးအရေးယူဆောင်ရွက်နေမှု၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုတို့ကို ဆွေးနွေးတင်ပြကြသည်။

**တင်ထွန်း(ပြန်/ဆက်)**



# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၈**
မောင်တောမြို့နယ် နယ်မြေ(၁) အမှတ်(၅) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ဗန္ဓုလရဲကင်းစခန်းမှ ရဲမှူး ဇော်လင်းအောင် ဦးစီးသည့်တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) နယ်ခြားစောင့်တပ် Targupara ကင်းစခန်းမှ Naib Subedar Md. Ahsan Ullah ဦးစီးသည့်တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၇ ရက် နံနက် ၇ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်အထိ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် (၅၂)မှ (၅၃)ထိ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုရဲ**



# ညောင်တုန်းမြို့နယ်၌ ရပ်ရွာလူထုအတွင်း လူ့အခွင့်အရေးအသိပညာပေး ဟောပြော

**ညောင်တုန်း နိုဝင်ဘာ ၂၈**
ရပ်ရွာလူထုအတွင်း လူ့အခွင့်အရေးအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီက ညောင်တုန်းမြို့နယ် ထိပ်ဝကြီးကျေးရွာအုပ်စု ရှမ်းစုကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း(တန်ဆောင်းသစ်)၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် (HREN) နှင့် Equality Myanmar တို့ ပူးပေါင်းကျင်းပသည့် အဆိုပါရပ်ရွာလူထုအတွင်း လူ့အခွင့်အရေးအသိပညာပေးဟောပြောမှုအစီအစဉ်တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လွင်ထူး၊ Equality Myanmar မှ ဆရာမဒေါ်သန်းသန်းဌေး၊ HREN မှ ဆရာမဒေါ်ဆုရတီနှင့် MNHRC မှ ဒေါ်ဖြိုးသီရိဗိုလ်တို့က တက်ရောက်လာသူများနှင့် အပြန်အလှန်ဆွေးနွေးဟောပြောခဲ့ကြသည်။

"အခုလို ရပ်ရွာအဆင့်ထိ လူ့အခွင့်အရေးနှင့်ဆိုင်သည့် အသိပညာရပ်တွေ သိရှိခွင့်ရအောင် လာရောက်ဟောပြောပေးတဲ့အတွက် များစွာကျေးဇူးတင်ပါတယ်။ ကျေးရွာနေပြည်သူတွေအတွက်လည်း အမှန်တကယ် အကျိုးသက်ရောက်မှု ရှိပါတယ်" ဟု ထိပ်ဝကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းစိန်က ပြောကြားသည်။

**သပြေထွန်း**

# တောင်ညိုရေလှောင်တမံမှ မိုးစပါး၊ နွေစပါးစိုက်ပျိုးရေ ပေးဝေလျက်ရှိ

**ပြည် နိုဝင်ဘာ ၂၈**
၂၀၁၈-၂၀၁၉ နွေစပါးစိုက်ပျိုးရာသီတွင် တောင်ညိုရေလှောင်တမံမှ နွေစပါးဧက ၁၀၀၀၀ ကျော်အား စိုက်ပျိုးရေ ပေးဝေသွားမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်သန်း၏ ပြောကြားချက်အရ သိရသည်။

ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်း သာယာဝတီခရိုင် နတ်တလင်းမြို့နယ်ရှိ တောင်ညိုဆည်ရေသောက်စနစ်



အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ တရားဝင် ဖွံ့ဖြိုးရေးချေးငွေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

တောင်ညိုဆည်ရေသောက်စနစ်၏ အဆင့်မြှင့်တင် ဆောင်ရွက်ပြီးစီးခဲ့သော တူးမြောင်းများမှ ၂၀၁၈ မိုးစပါးရာသီတွင် လယ်မြေဧက ၅၀၀၀၀ ကျော်အား အောင်ရေအပြည့်အဝ ပေးဝေနိုင်ခဲ့ပြီး ယခုနွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးဧက ၁၀၀၀၀ ကျော်ကို ဆက်လက်ရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်ကောင်းဆက်**



နိုဝင်ဘာ ၂၆ ရက်က နေပြည်တော် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဘုရားကုန်းမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး မောင်မောင်နိုင်က ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူတို့အား မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောစဉ်။

ခွန်းဆက်နေ

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလုပ စိမ်းမြမြ**



# ယူကရိန်းရေတပ်သားများကို ထိန်းသိမ်းထားရန် ခရိုင်မီးယားရှိ တရားရုံးက အမိန့်ချမှတ်

**ဆင်ဖာရိုပိုလ် နိုဝင်ဘာ ၂၈**
ပင်လယ်ပြင်အတွင်း ရုရှားရေတပ်နှင့် ထိပ်တိုက်တွေ့စဉ် အဖမ်းခံခဲ့ကြရသော ယူကရိန်းရေတပ်သားများကို နှစ်လတာမျှ ထိန်းသိမ်းထားရှိရန် ခရိုင်မီးယားဒေသရှိ တရားရုံးတစ်ရုံးက အမိန့်ချမှတ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။



ယူကရိန်းရေတပ်သားများကို ထိန်းသိမ်းထားရန် တရားရုံးတော်က နိုဝင်ဘာ ၂၇ ရက်တွင် အမိန့်ထုတ်ပြန်လိုက်ခြင်းကြောင့် ရုရှားနှင့် ယူကရိန်းအစိုးရအဖွဲ့များအကြား တင်းမာမှုများ ထပ်မံဖြစ်ပေါ်လာနိုင်သည်ဟု ယူဆရသည်။

ယူကရိန်းရေတပ်သား ၂၄ ဦးကို နိုဝင်ဘာ ၂၅ ရက်မှစ၍ ရုရှားအစိုးရက ထိန်းသိမ်းထားခဲ့သည်။

ရုရှားနှင့် ယူကရိန်းတို့အကြား ကာလကြာရှည်ဖြစ်ပွားလာခဲ့သော ပဋိပက္ခအတွင်း နှစ်နိုင်ငံ ရေတပ်တပ်ဖွဲ့များအကြား ပင်လယ်ပြင်အတွင်း ပထမဆုံးအကြိမ် ထိပ်တိုက်တွေ့မှုဖြစ်စဉ်နှင့် ပတ်သက်၍ တင်းမာမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။ ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် ရုရှားထောက်ခံသော ခွဲထွက်ရေးဝါဒီများနှင့် ယူကရိန်းအစိုးရအကြား ကာလရှည်ပဋိပက္ခဖြစ်ပွားခဲ့ပြီး ၂၀၁၄ ခုနှစ်နောက်ပိုင်း လူပေါင်း ၁၀၀၀၀ ကျော် သေဆုံးခဲ့ကြရသည်။

ရုရှားနိုင်ငံနှင့် ထိစပ်နေသော ယူကရိန်းနယ်စပ်ဒေသတစ်လျှောက်တွင် စစ်ဥပဒေအမိန့်ထုတ်ပြန်ရန် ယူကရိန်းလွှတ်တော်က အတည်ပြုခဲ့ပြီးနောက် သမ္မတ ဗလာဒီမာပူတင်က သတိပေးချက်တစ်ရပ်ပြုလုပ်ခဲ့သည်။ ယူကရိန်းနိုင်ငံသည် ရုရှားနိုင်ငံအပေါ် မထီမဲ့မြင် ပြုမူနေသည်ဟု သမ္မတ ပူတင်က ပြောကြားသည်။

ယူကရိန်းနိုင်ငံ၏ နယ်စပ်ဒေသတွင် စစ်ဥပဒေအမိန့်ထုတ်ပြန်ခြင်းဖြင့် ယူကရိန်းအာဏာပိုင်များအနေဖြင့် စစ်ရေးအတွေ့အကြုံရှိသူ နိုင်ငံသားများကို စစ်အင်အားတောင့်တင်းရေးအလို့ငှာ စုစည်းနိုင်ခြင်း၊ မီဒီယာများကို ဥပဒေစည်းမျဉ်းများအရ ထိန်းချုပ်နိုင်ခြင်း၊ လူထုအစည်းအဝေးကျင်းပခြင်းကို ကန့်သတ်နိုင်ခြင်းတို့ ပြုလုပ်နိုင်မည်ဆို၏။

နိုဝင်ဘာ ၂၅ရက်က ပင်လယ်ပြင်အတွင်း နှစ်နိုင်ငံရေတပ်တပ်ဖွဲ့များအကြား ထိပ်တိုက်ရင်ဆိုင်တွေ့ခြင်းသည် လာမည့်နှစ် ရွေးကောက်ပွဲမတိုင်မီကာလတွင် သမ္မတ ပိုရိုရှန်ကိုအနေဖြင့် ပြည်သူ့ထောက်ခံမှုရရှိရန် ရည်ရွယ်သည့် ရန်စလှုံ့ဆော်မှုတစ်ရပ်ဖြစ်ကြောင်း ရုရှားအစိုးရက စွပ်စွဲခဲ့သည်။

ထိုစဉ်အတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်ကို ဖျက်သိမ်းဖွယ်ရှိသည်။ နှစ်နိုင်ငံခေါင်းဆောင်တို့သည် ယခုသီတင်းပတ်နှောင်းပိုင်းတွင် အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရီမြို့၌ ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲကာလအတွင်း တွေ့ဆုံရန် မျှော်လင့်ခဲ့ကြသည်။

**အေအက်ဖ်ပီ**

# နိုင်ငံခြားအလုပ်သမားခေါ်ယူရေးဥပဒေကြမ်း ဂျပန်အောက်လွှတ်တော် အတည်ပြု

**တိုကျို နိုဝင်ဘာ ၂၈**
ဂျပန်နိုင်ငံ၌ လူဝင်မှုကြီးကြပ်ရေးဥပဒေကို ပြန်လည်ပြင်ဆင်ထားသည့် ဥပဒေမူကြမ်းအား အောက်လွှတ်တော်တွင် အများစုထောက်ခံမှုဖြင့် နိုဝင်ဘာ ၂၇ ရက်တွင် အတည်ပြုခဲ့ရာ အပြီးသတ်အတည်ပြုနိုင်ရေးအတွက် အထက်လွှတ်တော်သို့ ဥပဒေကြမ်းကို တင်သွင်းထားကြောင်း၊ လာမည့်နှစ် ဧပြီလမှစ၍ နေထိုင်ခွင့်ဗီဇာအမျိုးအစားနှစ်ခုကို ဖန်တီးပေးရန် အဆိုပါဥပဒေကြမ်းတွင် ဖော်ပြထားကြောင်း ဂျပန်သတင်းဌာနများက နိုဝင်ဘာ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ဗီဇာအမျိုးအစား ၁ အရ သတ်မှတ်ထားသော နယ်ပယ်များတွင် ကျွမ်းကျင်မှုအရည်အသွေးရှိသည့် နိုင်ငံခြားသားများကို နေထိုင်ခွင့်ပေးမည်ဖြစ်သည်။ ၎င်းတို့သည် ဂျပန်နိုင်ငံတွင် ငါးနှစ်အထိ အလုပ်လုပ်ခွင့်ရရှိမည်ဖြစ်သော်လည်း မိသားစုကိုမူ ခေါ်လာခွင့်မရှိကြောင်း၊ အမျိုးအစား ၂ မှာမူ ပိုမိုကျွမ်းကျင်မှု အရည်အသွေးရှိသူများအတွက် ဖြစ်ကြောင်း၊ ယင်းအမျိုးအစားမှာ နေထိုင်ခွင့်ကာလ အကန့်အသတ်ရှိမည်မဟုတ်ဘဲ မိသားစုကိုလည်း ခေါ်လာနိုင်ခွင့်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ဥပဒေမူကြမ်းကို မဲခွဲခြင်းမရှိမီ အလုပ်သမားအစီအစဉ်သစ်ဆိုင်ရာ ဥပဒေသစ်ကို ပြန်လည်သုံးသပ်မည့်ကာလကို ပြင်ဆင်ခဲ့သည်။ မူလက ယင်းဥပဒေကို ပြဋ္ဌာန်းအပြီး သုံးနှစ်အကြာတွင် ပြန်လည်သုံးသပ်ရန် စီစဉ်ထားခဲ့ခြင်းကို နှစ်နှစ်အဖြစ် အချိန်လျှော့ချခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

**အင်န်အိတ်ချ်ကေ**



# ဂျပန်ဝန်ကြီးချုပ်အာဘေး အမေရိကန်၊ တရုတ်နှင့် ရုရှားသမ္မတတို့အား သီးခြားစီတွေ့ဆုံမည်

**ကျိုတို နိုဝင်ဘာ ၂၈**
ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အာဂျင်တီးနားနိုင်ငံတွင် ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေး တက်ရောက်ပြီးနောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၊ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့နှင့် သီးခြားစီတွေ့ဆုံမည်ဖြစ်ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် နိုဝင်ဘာ ၂၉ ရက်တွင် အာဂျင်တီးနားမြို့တော် ဗျူနိုအေရီသို့ ထွက်ခွာမည်ဖြစ်ကြောင်း ဂျပန်အစိုးရအဖွဲ့ အတွင်းရေးမှူး ယိုရှိုဟိုက်ဆူဂါက ဆိုသည်။

ဝန်ကြီးချုပ် အာဘေးက ကမ္ဘာ့ခေါင်းဆောင်များနှင့်တွေ့ဆုံစဉ် ကမ္ဘာ့စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန် နည်းလမ်းကောင်းများ ရှာဖွေရာတွင် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသွားမည်ဖြစ်ကြောင်း အတွင်းရေးမှူး ဆူဂါက ဆက်လက်ပြောကြားခဲ့သည်။

၂၀၁၉ ခုနှစ်တွင် ဂျပန်နိုင်ငံက ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ ထို့ကြောင့် ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများ ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ရရှိစေရေးအတွက် ဆွေးနွေးပွဲကို ဝန်ကြီးချုပ်အာဘေးက ဦးဆောင်ဆွေးနွေးရန် ဆန္ဒရှိသည်ဟု အတွင်းရေးမှူး ဆူဂါက ပြောကြားခဲ့သည်။

ထို့ပြင် ဝန်ကြီးချုပ်အာဘေးသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၊ အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့နှင့်အတူ ပူးတွဲအစည်းအဝေးတစ်ရပ်ကိုလည်း ကျင်းပမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ထို့ပြင် ဥရုဂွေးနှင့် ပါရာဂွေးနိုင်ငံများသို့လည်း ဂျပန်ဝန်ကြီးချုပ်အနေဖြင့် ပထမဆုံးအကြိမ် အလည်အပတ်ခရီး သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၂၇ ရက်တွင် ဝန်ကြီးချုပ်အာဘေးက ဗြိတိန်နိုင်ငံသို့ လာမည့်နှစ်အစောပိုင်းတွင် အလည်အပတ်ခရီးသွားရောက်ရန် ဆန္ဒရှိကြောင်း ဗြိတိန်ဝန်ကြီးချုပ် ထရီစာမေအား တယ်လီဖုန်းမှတစ်ဆင့် ပြောကြားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# တရုတ်နိုင်ငံရှိ ဓာတုပစ္စည်းစက်ရုံအနီး ပေါက်ကွဲမှုဖြစ်ပွား၍ လူ ၂၂ ဦး သေ၊ ၂၂ ဦး ဒဏ်ရာရ

**ပေကျင်း နိုဝင်ဘာ ၂၈**
၂၀၂၂ ခုနှစ်တွင် ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော်ကို လက်ခံကျင်းပမည့် တရုတ်နိုင်ငံမြောက်ပိုင်း မြို့တစ်မြို့ရှိ ဓာတုလုပ်ငန်းစက်ရုံတစ်ရုံအနီးတွင် နိုဝင်ဘာ ၂၈ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ လူ ၂၂ ဦး သေဆုံးပြီး ၂၂ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

မြို့တော်ပေကျင်း၏ အနောက်မြောက်ဘက် ကီလိုမီတာ ၂၀၀ ခန့်အကွာ ကျန်းကွေ့ကူမြို့၌ ဟီဘေဓာတုလုပ်ငန်းကုမ္ပဏီ၏ စက်ရုံအဝင်ဂိတ်ပေါက်အနီးတွင် ဓာတုပစ္စည်းတင် ကုန်တင်ယာဉ်တစ်စီး ပေါက်ကွဲမီးလောင်သဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ပေးခဲ့သည်။ ထို့အပြင် မီးကူးစက်လောင်ကျွမ်းခဲ့သည့် ကုန်တင်ယာဉ်များနှင့် အခြားယာဉ်များကို မီးသတ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်ပေးခဲ့ကြသည်။

အဆိုပါ ပေါက်ကွဲမီးလောင်မှုကြောင့် ကုန်တင်ယာဉ် ၃၈ စီးနှင့် အခြားမော်တော်ယာဉ် ၁၂ စီးတို့ ကူးစက်လောင်ကျွမ်းခံခဲ့ရကြောင်း ဒေသဆိုင်ရာ ဝါဒဖြန့်ချိရေးဌာနက ပြောကြားသည်။

ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရသူများကို ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

## ၂၀၁၈ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပဥ္စမပွဲစဉ် ဒုတိယနေ့ ဆက်လက်ကျင်းပ

**ပြင်ဦးလွင် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ပူးပေါင်း၍ အင်းဝဘဏ်လီမိတက်က အဓိကကူညီပံ့ပိုးမှုဖြင့် ကျင်းပသည့် ၂၀၁၈ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပဥ္စမပွဲစဉ် ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ ချယ်ရီလွင်တပ်မတော်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲဒုတိယနေ့အပြီးတွင် ပညာရှင်အဆင့်ပြိုင်ပွဲ၌ ဟိန်းစည်သူ (Phyo Si Thu Teak Plantation- Myanmar & Bago Yoma Eco Resort- Myanmar)က သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်၍ ထိပ်ဆုံးမှဦးဆောင်နေပြီး ဘိုဘို (HAN Golf Academy) က သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်၍ ဒုတိယ၊ ဇော်ဇော်လတ် (HAN Golf Academy)က သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်၍ တတိယနေရာတွင် ရပ်တည်နေသည်။ ဝါသနာရှင်အဆင့်(အမျိုးသား)ပြိုင်ပွဲတွင် သီဟဌေးက ပထမ၊ မင်းနိုင်စိုးက ဒုတိယ၊ လှိုင်မင်းထက်က တတိယနေရာ၊ ဝါသနာရှင်အဆင့်(အမျိုးသမီး) ပထမနေ့ပြိုင်ပွဲတွင် စုနဒီဝင်းထွန်းက သတ်မှတ်ရိုက်ချက်ထက် ငါးချက်ပိုရိုက်ကာ ပထမ၊ ဇကေရီဝင်းထွန်းက သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်ပိုရိုက်ကာ ဒုတိယ၊ ပြုံးပြုံးထွေးက သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်ပိုရိုက်ကာ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။ အမျိုးသားပြိုင်ပွဲများကို နိုဝင်ဘာ ၂၇ ရက်တွင် စတင်ကျင်းပပြီး အမျိုးသမီးပြိုင်ပွဲမှာ သုံးရက်သာ ယှဉ်ပြိုင်ရသောကြောင့် နိုဝင်ဘာ ၂၈ ရက်မှ စတင်ကျင်းပခြင်းဖြစ်သည်။ ပြိုင်ပွဲတတိယနေ့ကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။



သတင်း-ဖိုးသော်ဇင်
ဓာတ်ပုံ-မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်

## ဖယ်လိုင်နီ၏ နာကျင်အချိန်ပိုသွင်းဂိုးဖြင့် ယန်းဘွိုင်းကို အနိုင်ရရှိခဲ့ မန်ယူအသင်း ချန်ပီယံလိဂ် ၁၆ သင်းအဆင့်သို့ တက်လှမ်း

မန်ယူအသင်းသည် ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ် တစ်ပွဲဖြစ်သည့် ယန်းဘွိုင်းအသင်းနှင့် ပွဲစဉ်တွင် နာကျင်အချိန်ပိုတွင်သွင်းယူခဲ့သည့် ကွင်းလယ်ကစားသမား ဖယ်လိုင်နီ၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံလိဂ် ၁၆ သင်းအဆင့်သို့ တက်လှမ်းခဲ့ပြီဖြစ်သည်။

မန်ယူအသင်းသည် ချန်ပီယံလိဂ်အုပ်စုအဆင့်တွင် ဂျူဗင်တပ်အသင်း၊ ဗလင်စီယာအသင်း၊ ယန်းဘွိုင်းအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး အုပ်စု(H)တွင် ဂျူဗင်တပ်အသင်းနှင့် မန်ယူအသင်းတို့သည် ၁၆ သင်းအဆင့်သို့ တက်လှမ်းသွားခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ယန်းဘွိုင်းအသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် ငါးပွဲကစားအပြီးတွင် ရမှတ် ၁၀ မှတ်ရရှိကာ ၁၆ သင်းအဆင့်သို့ တက်လှမ်းခဲ့ခြင်းဖြစ်ပြီး ဂျူဗင်တပ်အသင်းသည်လည်း ဗလင်စီယာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ရမှတ် ၁၂ မှတ်ဖြင့် ၁၆ သင်းအဆင့်သို့ တက်လှမ်းခဲ့ခြင်းဖြစ်သည်။

အခြားသောပွဲစဉ်များတွင် အုပ်စု(E)၌ ဘိုင်ယန်မြူးနစ်အသင်းက ဘင်ဖီကာအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ငါးပွဲကစားအပြီးတွင် ရမှတ် ၁၃ မှတ်ဖြင့် ၁၆ သင်းအဆင့်သို့တက်လှမ်းနိုင်ခဲ့ပြီး အေဂျက်အသင်းသည်လည်း အေအီးအေအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိကာ ၁၆ သင်းအဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။

အုပ်စု(G)တွင်မူ ရီးယဲလ်မက်ဒရစ်အသင်းက ငါးပွဲကစားအပြီးတွင် ရမှတ် ၁၂ မှတ်ရရှိထားကာ ၁၆ သင်းအဆင့်သို့တက်လှမ်းနိုင်ခဲ့ပြီး ရိုးမားအသင်းကလည်း ငါးပွဲကစားအပြီးတွင် ရမှတ်ကိုးမှတ်ဖြင့် ၁၆ သင်းအဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။

အုပ်စု(F)တွင်မူ မန်စီးတီးအသင်းသည် ကစားရန်တစ်ပွဲအလိုတွင် ရမှတ် ၁၀ မှတ်ရရှိထားခြင်းကြောင့် ၁၆ သင်းအဆင့်သို့တက်လှမ်းရန် သေချာနေပြီဖြစ်ပြီး လက်ရှိတွင် လိုင်ယွန်အသင်းမှာ ရမှတ်ခုနစ်မှတ်ဖြင့် အုပ်စုအဆင့်တွင် ဒုတိယနေရာက ရပ်တည်လျက်ရှိသည်။ သို့ရာတွင် အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်တွင် လိုင်ယွန်အသင်းမှာ ရှက်ခ်တာဒိုးနက်စ်ခ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သောကြောင့် အဆိုပါနှစ်သင်းအနက်မှ အနိုင်ရရှိသည့်အသင်းကနောက်တစ်ဆင့်တက်လှမ်းခွင့်ရရှိမည်ဖြစ်သည်။ လက်ရှိတွင် ရှက်ခ်တာဒိုးနက်စ်ခ်အသင်းက ရမှတ်ငါးမှတ်ရရှိထားကြောင်းလည်းသိရသည်။

## ဘိုင်ယန်မြူးနစ်အတွက် နှစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် လီဝန်ဒေါ့စကီး၏ ချန်ပီယံလိဂ်သွင်းဂိုး ၅၁ ဂိုးအထိ ရှိလာ

ဘိုင်ယန်မြူးနစ်အသင်းနှင့် ဘင်ဖီကာအသင်းတို့ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ်တွင် တိုက်စစ်မှူး လီဝန်ဒေါ့စကီးသည် ဘိုင်ယန်မြူးနစ်အသင်းအတွက် နှစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ချန်ပီယံလိဂ်သွင်းဂိုး ၅၁ ဂိုးအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းက ဘင်ဖီကာအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၁၃ မိနစ်နှင့် မိနစ် ၃၀ တွင် ရော့ဘင်ကလည်းကောင်း၊ ပွဲကစားချိန် ၃၆ မိနစ်နှင့် ၅၁ မိနစ်တို့တွင် လီဝန်ဒေါ့စကီးကလည်းကောင်း၊ ပွဲကစားချိန် ၇၆ မိနစ်တွင် ရီဘာရီကလည်းကောင်း သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဘင်ဖီကာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ပွဲကစားချိန် ၄၆ မိနစ်တွင် ကာဗယ်လ်ဟိုက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး လီဝန်ဒေါ့စကီးသည် လက်ရှိတွင် ချန်ပီယံလိဂ်ဂိုးသွင်းယူနိုင်မှုမှာ အာဆင်နယ်တိုက်စစ်မှူးဟောင်း ဟင်နရီကို ကျော်လွန်သွားခဲ့ပြီဖြစ်ပြီး ဟင်နရီမှာ ချန်ပီယံလိဂ်သွင်းဂိုး ၅၀ သာ သွင်းယူပေးထားနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိချန်ပီယံလိဂ်တွင် ဂိုးအများဆုံး သွင်းထားသူများမှာ တိုက်စစ်မှူး စီရိုနယ်လ်ဒိုက သွင်းဂိုး ၁၂၂ ဂိုး၊ တိုက်စစ်မှူး လီယွန်နယ်မက်ဆီက ၁၀၅ ဂိုး၊ တိုက်စစ်မှူး ရာအူးလ်က ၇၁ ဂိုး၊ တိုက်စစ်မှူး ဘင်ဇီမာက ၅၉ ဂိုး၊ တိုက်စစ်မှူး နစ္စတယ်ရွိုင်းက ၅၆ ဂိုး အသီးသီး သွင်းယူထားကြကြောင်း သိရသည်။

ထို့ကြောင့် တိုက်စစ်မှူး လီဝန်ဒေါ့စကီးသည် တိုက်စစ်မှူး နစ္စတယ်ရွိုင်း၏ ချန်ပီယံလိဂ်သွင်းဂိုးအမီလိုက်ရန် နောက်ထပ် ငါးဂိုးထပ်မံသွင်းယူနိုင်ပါက အမီလိုက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး လီဝန်ဒေါ့စကီးသည် ကစားသမားဘဝတွင် ဒေါ့မွန်အသင်းနှင့်အတူ ၁၃၁ ပွဲတွင် ၇၄ ဂိုးနှင့် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၁၃၇ ပွဲတွင် ၁၁၃ ဂိုး အသီးသီးသွင်းယူထားပြီး ပိုလန်အသင်းအတွက်မူ ၁၀၂ ပွဲတွင် ၅၅ ဂိုးသွင်းယူပေးထားနိုင်ခဲ့ကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်



## ဘောလုံးလောက သတင်းတိုများ

- အသက် ၃၇ နှစ်အရွယ်ရှိ အင်္ဂလန် ဘယ်နောက်ခံကစားသမား အက်ရှ်လေကိုးလ်အား အယ်လ်အေဂလက်ဆီအသင်းက တစ်နှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် ကမ်းလှမ်းထားကြောင်းသိရသည်။
- **အာဆင်နယ်အသင်းနည်းပြဟောင်း အာစင်ဝင်းဂါးသည် နည်းပြဘဝဖြင့် ဘောလုံးလောကအတွင်းပြန်လာရန်ထက် အမှုဆောင်တစ်ဦးအနေဖြင့် ပြန်လာရန်ကို ပို၍နှစ်သက်လိမ့်မည်ဖြစ်ကြောင်း Sky Sports ၏ ဖော်ပြချက်အရ သိရသည်။**
- မန်ယူအသင်းနည်းပြ မော်ရင်ဟိုသည် အသက် ၂၀ အရွယ်ရှိ ပေါ်တိုနှင့် ဘရာဇီး ဗဟိုခံစစ်ကစားသမား အီဒါမီလီတာယိုအား ခေါ်ယူရန်မျက်စိကျနေကြောင်း သိရသည်။
- **အသက် ၂၁ နှစ်အရွယ်ရှိ ပြင်သစ်တိုက်စစ်မှူး ဒမ်ဘီလီသည် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာမည်မဟုတ်ကြောင်း ဘာစီလိုနာအသင်းသို့ ပြောကြားခဲ့သည်။**
- မန်စီးတီးအသင်းသည် အမေရိကန်ဂိုးသမားတစ်ဦးဖြစ်သည့် စတက်ဖန်အား စာချုပ်ချုပ်ဆိုခေါ်ယူရန် နီးစပ်နေပြီဖြစ်ကြောင်းသိရသည်။
- **စပါးအသင်းနည်းပြ ပိုချက်တီနိုသည် အီတလီစီးရီးအေတွင် နည်းပြဘဝတာဝန်ထမ်းဆောင်ရန် ဆန္ဒရှိနေကြောင်း သိရသည်။**



# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၈**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ ဒသမ ၇ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၀၉ သန်း) စုစုပေါင်းတားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၇၉ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၂၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေး အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် Fuso Canter ခြောက်ဘီးယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စပါး နှစ်တင်းဝင်အိတ် ၁၇၀ နှင့် ပစ္စည်း သယ်ဆောင်သည့် ယာဉ်တစ်စီး (စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၂၁ ဒသမ ၇ သန်း)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အင်းစိန်မြို့နယ်တွင် လူသတ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၂၈**
အင်းစိန်မြို့နယ် မြို့သစ်(က+ခ)ရပ်ကွက်တွင် နိုဝင်ဘာ ၂၆ ရက် ည ၁၀ နာရီခွဲက စကားများရန်ဖြစ်ပြီး မှိန်း၊ ဓားများဖြင့် ဝိုင်းဝန်းထိုးခုတ်ရာ ခင်ပွန်းဖြစ်သူ ဦးအောင်စိုးအေးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး မတ်ဖြစ်သူနှင့် တူဖြစ်သူတို့တွင် ဒဏ်ရာများရရှိကာ အင်းစိန်ဆေးရုံသို့ တက်ရောက်ကုသခဲ့ရသဖြင့် ဒေါ်----က အင်းစိန်မြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ အင်းစိန်မြို့နယ်ရဲတပ်ဖွဲ့မှူးဦးစီးသော တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် ပြစ်မှုကျူးလွန်သူများအား လိုက်လံစုံစမ်းရာ နိုဝင်ဘာ ၂၇ ရက် နံနက် ၀၀း၂၅ နာရီတွင် ပြစ်မှုကျူးလွန်သူ အင်းစိန်မြို့နယ် မြို့သစ်(က+ခ) ရပ်ကွက်နေ သီဟနိုင်အား ကမ်းနားအနောက်ရပ်ကွက် သဒ္ဒါသုခလမ်းသွယ်အတွင်းမှ ဖမ်းဆီးရမိခဲ့သည်။

ထို့နောက် သီဟနိုင်အား စစ်ဆေးရာ အောင်ရှိုးလေး(ခ) ရှိုးလေးပါ လေးဦးမှာ အငှားယာဉ်ဖြင့် ထွက်ပြေးသွားကြောင်း သိရသဖြင့် လိုက်လံစုံစမ်းရှာဖွေရာ ယင်းနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် ကြို့ကုန်းအရှေ့ရပ်ကွက် (၈) လမ်းမြောက် လမ်းအတွင်းရှိ ကားဝပ်ရှော့ဆိုင်တွင် အောင်ရှိုးလေး(ခ)ရှိုးလေး၊



ထွန်းလင်းဦး(ခ)ဗျောကြီး၊ အောင်သူရ၊ သက်ဦးတို့အား ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် သက်သေခံပစ္စည်းများအား သိမ်းဆည်းရမိခဲ့ပြီး အောင်ရှိုးလေး(ခ)ရှိုးလေးပါ ငါးဦးအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**ကျောက်တံတားမြို့နယ် အမှတ်(၅) ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်း အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ကျောက်တံတားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသက်နှင့် တပ်ဖွဲ့ဝင်များက မှုခင်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်စဉ်။** ကိုရဲ

# မြစ်ကြီးနားတွင် ဆေးလိပ်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**မြစ်ကြီးနား နိုဝင်ဘာ ၂၈**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်၌ ဆေးလိပ်မီးကျန်မှတစ်ဆင့် ကားဝပ်ရှော့ဂိုဒေါင်နှင့် လူနေအဆောက်တစ်လုံး မီးလောင်ကျွမ်းခဲ့သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၇ ရက် ညနေ ၃ နာရီခွဲက မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် စက်မှုဇုန်နယ်မြေရှိ နေအိမ်တွင် ငှားရမ်းနေထိုင်သည့် မောင်ကြီးသည် နေအိမ်အိပ်ခန်းအတွင်း ဆေးလိပ်တိုအား မီးမငြိမ်းဘဲထားရှိခဲ့ပြီး နေအိမ်အပြင်သို့ သွားရောက်စဉ် အိပ်ရာမှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့သည်။

မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ် လေးစီးနှင့် ရေသယ်ယာဉ် သုံးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ညနေ ၃ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်ကျွမ်းမှုကြောင့် အဆောက်အအုံတစ်လုံးနှင့် လူနေဆောင်တစ်လုံး၊ ဆိုင်ကယ်နှစ်စီး မီးလောင်ဆုံးရှုံးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မောင်ကြီးအား မြစ်ကြီးနားမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့

INTERNATIONAL DAY OF PERSONS WITH DISABILITIES

"Empowering persons with disabilities and ensuring inclusiveness and equality"

"အားလုံးတူညီအခွင့်အရေးရရှိရေး၊ မသန်စွမ်းသူများအစွမ်းမြှင့်တင်ပေး"

နေပြည်တော် ၃.၁၂.၂၀၁၈

## မြန်မာ့ရုပ်မြင်သံကြား

**၂၉-၁၁-၂၀၁၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | NRC အစီအစဉ် "လီဆူမျိုးနွယ်တို့၏ ရိုးရာအထည်များရက်လုပ်ခြင်းအကြောင်း" |
| ၈း၃၅ | "လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များဆိုင်ရာ စကားဝိုင်း" (တတိယပိုင်း) |
| ၉း၁၅ | သူတို့ဒေသ၊ သူတို့ဘဝ "မြစ်သားမြို့သို့ အလည်တစ်ခေါက်" |
| ၉း၃၀ | လှပစုံလင်အာဆီယံတစ်ခွင် |
| ၉း၄၀ | ASEAN Spotlight (54) |
| ၁၀း၃၀ | "မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း" (အပိုင်း-၂) |
| ၁၀း၄၅ | အလုပ်သမားရေးရာအစီအစဉ် |
| ၁၁း၀၀ | မြစ်မခမီဒီယာ (စာတက်ဖို့၊ ဝင်ငွေကောင်းဖို့၊ အသက်ရှည်ဖို့) |
| ၁၂း၃၀ | မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း-၂၇) (အောင်မြင့်မြတ်၊ မြတ်သူအောင်၊ သူရထူး၊ နွယ်ဒါလီထွန်း၊ ခင်သဇင်၊ ဂုဏ်ရည်အေးကျော်) (ဒါရိုက်တာမင်းခိုက်စိုးစန်) |
| ၁၃း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာမျှဉ်းပြိုင်" (အပိုင်း-၁၂) |
| ၁၅း၃၀ | "မြန်မာနိုင်ငံရှိ လူကုန်ကူးခံရသူများအတွက် အခွင့်အရေးနှင့် ပြစ်မှုတရားစီရင်ရေးလုပ်ထုံးလုပ်နည်းများ" |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၅ | "Soccer View" |
| ၁၇း၀၅ | NHK Programme "ဖန်တီးမှုဆိုင်ရာဝန်ဆောင်မှုများ ဆောင်ရွက်ပေးသူ" |
| ၁၇း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၈း၂၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၁၉း၁၅ | မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း-၂၈) (အောင်မြင့်မြတ်၊ မြတ်သူအောင်၊ သူရထူး၊နွယ်ဒါလီထွန်း၊ ခင်သဇင်၊ ဂုဏ်ရည်အေးကျော်) (ဒါရိုက်တာမင်းခိုက်စိုးစန်) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | "MSMES စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ အလတ်စားစီးပွားရေးလုပ်ငန်း Medium Level ဆုရ Biomass Burner" -"မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း" (အပိုင်း-၃) -မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၁) (ဒါရိုက်တာကြည်စိုးထွန်း) -ပြည်သူ့နီတိ "စွမ်း" |

**-အစီအစဉ်ပြီး၏။**

Winner Super Diamond Pile Co., Ltd.
W.S.D Group
ISO 9001:2015 Cert. No. 734649
W.S.D Pile
YCDC Licence No.PL-12, MCDC Licence No.PI-006
လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင်
ပိုင်ရိုက်ခြင်း၊ Bored Pile,လုပ်ငန်းများ ဆောင်ရွက်လိုပါက
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။





Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph : 01-381964, 09-73131288, 09-73150482, 09-250499988
Off : Ph- 09-250 288811, Email: wsdmyanmar@gmail.com
Add: အမှတ်(ဘီ-၁၀)၊(၃၃)လမ်း၊(၈၁-၈၂)လမ်းကြား၊မန္တလေး။
Ph: 09-265820507
Facebook: Winner Super Diamond Piling Co.,Ltd

# အိတ်ချ်အိုင်ဗွီပိုး ရှိ၊ မရှိ သွေးစစ်ကြည့်



**ခ** မောင်ခိုင်မာ(အထက်မင်းလှ)

၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂစုံညီအစည်းအဝေးက ၂၀၁၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ကမ္ဘာ့ဖွံ့ဖြိုးမှု လမ်းညွှန်အဖြစ် အကောင်အထည်ဖော်ရန် 'စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်' ၁၇ ရပ် ချမှတ်ခဲ့သည်။ အဆိုပါပန်းတိုင် ၁၇ ရပ်အနက် ပန်းတိုင်(၃)တွင် "လူတိုင်းစေ့ ကျန်းမာရေးနှင့် သာယာဝပြောရေး" (Goal 3 - Ensure healthy lives and promote well-being for all at all ages.) ဟူ၍ ဖော်ပြထားပါသည်။ လူတိုင်းစေ့ ကျန်းမာရေးတွင် အဓိက အဟန့်အတားမှာ 'ကပ်ရောဂါ' (epidemic disease) ဖြစ်၏။

## အသက်အန္တရာယ် ခြိမ်းခြောက်

လူသားတို့၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်သော ရောဂါဆိုးကို ကပ်ရောဂါဟု သတ်မှတ်၍ ရမည်ထင်၏။ ကပ်ရောဂါဖြစ်စေ၊ သာမန်ရောဂါဖြစ်စေ ရောဂါမှန်သမျှသည် ထိုရောဂါကိုဖြစ်ပွားစေသော ပိုးကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်၏။ ဤသည်ကို လူသားတို့ မသိခင်က ကပ်ရောဂါ၏ဒဏ်ကို အလူးအလဲခံစားခဲ့ကြရ၏။ ဥပမာ- သက္ကရာဇ် ၅၄၂ ခုနှစ်က ပေါ်ပေါက်ခဲ့သော ပလိပ်ရောဂါ (Plague) ကြောင့် ကမ္ဘာတစ်ဝန်း လူသန်းပေါင်း ၇၁၀၀ ကျော် သေဆုံးခဲ့ကြရကြောင်း၊ ဥရောပ၊ အာရှနှင့် အာဖရိကတို့တွင် အဖြစ်များခဲ့ပြီး အချို့တိုင်းရင်းသားမျိုးနွယ်စုများပင် ကွယ်ပျောက်ခဲ့ရသည်ဆို၏။ မချိမဆံ့ ခံစားကြရပြီး ပညာရှင်တို့၏ ကြိုးပမ်းအားထုတ်မှုကြောင့် ပလိပ်ရောဂါဖြစ်စေသည့် ရောဂါပိုး (Yersinia Pestis) အကြောင်းကို သိလာသောအခါမှ ပဋိဇီဝဆေးဖော်စပ်ကာ ၁၈၉၄ ခုနှစ်တွင် ဤကပ်ရောဂါဘေးဆိုးမှ လွတ်မြောက်ခဲ့ရ၏။ အဆိုပါပလိပ်ရောဂါ ကပ်ဆိုးမှ လွန်မြောက်၍ နှစ်ပေါင်း ၉၀ ခန့်အကြာ ၁၉၈၁ ခုနှစ်တွင် လူသားတို့ကို အန္တရာယ်ပြုမည့် ကပ်ရောဂါတစ်ခု ပေါ်ပေါက်ခဲ့လေသည်။ ထိုကာလက အမေရိကန်တွင် လိင်တူဆက်ဆံသော အမျိုးသားများတွင် ပုံမှန်မဟုတ်သော အဆုတ်ရောဂါတွေ့ရှိရပြီး "လိင်တူဆက်ဆံသော အမျိုးသားများတွင် ဖြစ်ပွားသည့် ခုခံအားကျဆင်းမှုရောဂါ (Gay Related Immue Deficiency - GRID) ဟု ကင်ပွန်းတပ်ခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် ပြင်သစ်မှ မွန်းတက်နီးရ် (Luc Montaginer, Pasteur Institue)က ဤရောဂါဖြစ်စေသည့် ပိုးတစ်မျိုးကို ဖော်ထုတ်ခဲ့ပြီး ၎င်းပိုးသည် ခုခံအားအဖွဲ့အစည်း၏ အချက်အချာကျသော CD-4 ဆဲလ်များကို ပျက်စီးစေကြောင်း မှတ်ချက်ပြုခဲ့သည်။ နောက်ပိုင်းတွင် ဤရောဂါပိုးကို HIV (Human Immunodeficiency Virus) ဟု အမည်ပေးခဲ့ပြီး ၁၉၈၅ တွင် HIV-2 ကိုပါ ဖော်ထုတ်ခဲ့ကြောင်း သိရသည်။

## ခုခံအားစနစ်ပျက်စီး

လူ့ခန္ဓာကိုယ်တွင် ကျန်းမာရေးကို ထိခိုက်စေသည့် ပြင်ပမှ အန္တရာယ်များ ခန္ဓာကိုယ်တွင်းသို့ မဝင်ရောက်နိုင်ရေးအတွက် တားဆီးခုခံသော "ခုခံအားစနစ်" (Immune System) ရှိ၏။ အဆိုပါ ခုခံအားစနစ်ပျက်စီးပါက လူ့ခန္ဓာကိုယ်အတွင်းသို့ ရောဂါစုံဝင်ရောက်ရန် လမ်းပွင့်သွားလေသည်။ ခုခံအားစနစ်တွင် အမျိုးအစားကွဲပြားခြားနားသော သွေးဖြူဥအသီးသီးတို့ ပါဝင်ပြီး ဟန်ချက်ညီညီ တာဝန်ထမ်းဆောင်နေကြကြောင်း၊ အကယ်၍ သွေးဖြူဥတစ်မျိုးမျိုး အရေအတွက် လျော့နည်းသွားပါက ခုခံအားစနစ် ပျက်စီးသွားတတ်ကြောင်း၊ HIV ပိုးသည် လူ့ခန္ဓာကိုယ်ထဲသို့ ရောက်သည်နှင့် CD4 ဟု ခေါ်သော ကိုယ်ခံအားဆဲလ်၏ အခွံကို ထိုးဖောက်ဝင်ရောက်ပြီး CD4 ဆဲလ်အတွင်း ဝင်ရောက်ခိုအောင်းကာ HIV ပိုးကောင်ရေ တိုးပွားစေရန် အားထုတ်ကြကြောင်း၊ ထိုအခါ လူ့ခန္ဓာကိုယ်မှ HIV ကို တိုက်ခိုက်မည့် ပဋိဇီဝပစ္စည်းတစ်မျိုးကို ထုတ်ပေးကြောင်း၊ သို့သော် HIV ပိုးကောင်ရေ များများလာသဖြင့် နောက်ထပ် CD4 ဆဲလ်များကို ဝင်ရောက်ဖျက်ဆီးကြပြန်ကြောင်း၊ ဤသို့ဖြင့် CD4 ဆဲလ်အရေအတွက် နည်းသွားပြီး HIV ပိုးအရေအတွက် များသွားကာ ခုခံအားစနစ် ပျက်ယွင်းသွားကြောင်း၊ ထို့နောက် AIDS (Acquired Immune Deficiency Syndrome) ရောဂါဖြစ်ပွားကြောင်း ပညာရှင်တို့က ဆိုပါသည်။

## အဆင့်(၄)ဆင့် ခွဲခြား

HIV ရောဂါပိုးရှိသူတစ်ဦးအား ရောဂါလက္ခဏာသဘောအရ အဆင့်(၄)ဆင့် ခွဲခြားနိုင်ကြောင်း၊ ၎င်းတို့မှာ (၁) ရောဂါပိုးစတင်ဝင်ရောက်ခြင်းအဆင့် (Acute Infection)၊ (၂) ရောဂါလက္ခဏာ မပြသောအဆင့် (Asymptomatic)၊ (၃) ရောဂါလက္ခဏာများ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာသောအဆင့် (Chronic Symptomatic)၊ (၄) ခုခံအားစနစ် ပျက်စီးကျဆင်းသွားသောအဆင့် (Acquired Immune Deficiency Syndrome) တို့ ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် အေအိုင်ဒီအက်စ် ရောဂါကို "ခုခံအား လျော့နည်းကျဆင်းသော ရောဂါ" ဟု ဘာသာပြန်ဆို ခေါ်ဆိုနေကြခြင်း ဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ရောဂါအဆင့်သတ်မှတ်ပုံများကို (၁) ရောဂါလက္ခဏာမပြဘဲ ပိုးရှိနေခြင်း (CD-4 အရေအတွက် ၅၀၀ ကျော်ရှိခြင်း)၊ (၂) သာမန်ရောဂါလက္ခဏာများ စတင်ဖြစ်ပေါ်လာခြင်း (CD-4 အရေအတွက် ၅၀၀ အောက်သာရှိတော့ခြင်း)၊ (၃) အဓိကရောဂါလက္ခဏာများ စတင်ခံစားလာရခြင်း (CD-4 အရေအတွက် ၃၅၀ အောက် ကျဆင်းလာခြင်း)၊ (၄) ပြင်းထန် အဓိကရောဂါလက္ခဏာများ စတင်ခံစားလာရခြင်း (CD-4 အရေအတွက် ၂၀၀ အောက်သို့ လျော့နည်းကျဆင်းသွားခြင်း) ဟူ၍ အဆင့် (၄)ဆင့် ခွဲခြားသတ်မှတ်ထားကြောင်း သိရသည်။

ရောဂါလက္ခဏာများမှာ ရောဂါစတင်လျှင် ရုတ်တရက်ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ လည်ပင်းနာခြင်းနှင့် အကျိတ်ခိုခြင်း စသည်တို့ကို တွေ့ရတတ်ပြီး အချို့မှာ အင်ပျဉ်ထွက်ခြင်း၊ ပါးစပ်နှင့် လိင်အင်္ဂါတွင် အနာများပေါက်ခြင်း၊ ဝမ်းလျှောခြင်းတို့လည်း ဖြစ်တတ်ကြောင်း သိရသည်။ အဓိကရောဂါလက္ခဏာများ ဖြစ်ပေါ်လာချိန်တွင် အဖျားကြီးခြင်း၊ ကိုယ်အလေးချိန်ကျဆင်းပိန်ချုံးခြင်း၊ စားသောက်လိုစိတ် နည်းပါးခြင်း၊ ဝမ်းလျှောခြင်း၊ ညဘက်ချွေးထွက်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် အကျိတ်များကြီးလာခြင်းတို့ ခံစားရပြီး အချို့မှာ ရေယုန်ပေါက်ခြင်း၊ ပါးစပ်တွင် မှက္ခရုစွဲခြင်းတို့ ဖြစ်ပေါ်တတ်ကြောင်း သိရသည်။ ထိုအဆင့်တွင် ခုခံအားစနစ် ပြိုလဲပြီး ဘေးရောဂါများဖြစ်သည့် တီဘီရောဂါ၊ အဆုတ်ရောဂါတစ်မျိုးမျိုး၊ အစာလမ်းကြောင်းဆိုင်ရာ ရောဂါ စသည်တို့ ဝင်ရောက်လာပြီးနောက် အသက်ဆုံးရှုံးတတ်ပါသည်။

## ပိုးသတ်ထားသော ကိရိယာများသုံးစွဲ

HIV ပိုး ကူးစက်ရာ အဓိကလမ်းကြောင်း လေးခုသာရှိပါသည်။ ၎င်းတို့မှာ (၁) လိင်မှတစ်ဆင့် ကူးစက်ခြင်း၊ (၂) မသန့်ရှင်းသော သွေး၊ ဆေးထိုးအပ်၊ ခွဲစိတ်ကိရိယာတို့မှတစ်ဆင့် ကူးစက်ခြင်း၊ (၃) ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားသို့ ကူးစက်ခြင်းနှင့် (၄) ရောဂါပိုးရှိသော သွေးကို သွင်းမိခြင်းတို့ ဖြစ်ပါသည်။ ခြင်၊ ယင်၊ ကြမ်းပိုး အစရှိသည့် အင်းဆက်ပိုးမွှားများကြောင့်သော်လည်းကောင်း၊ HIV ရောဂါပိုးရှိသူနှင့် အတူတကွ နေထိုင်စားသောက်ခြင်း၊ အလုပ်အတူလုပ်ခြင်း၊ ကျောင်းအတူတက်ခြင်း၊ ထိုသူ၏ အဝတ်အစားကို ဝတ်ဆင်မိခြင်း၊ ထိုသူ အသုံးပြုသော ရေအိမ်(အိမ်သာ)ကို အသုံးပြုခြင်းတို့ကြောင့်လည်းကောင်း ရောဂါမကူးစက်ပါ။ သို့သော် "သတိ" ဟူသည်မှာ "ပိုသည်မရှိ" ဖြစ်သောကြောင့် ကျွန်ုပ်တို့အနေဖြင့် တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးရန်၊ အကာအကွယ်ပစ္စည်း (Condom) အသုံးပြုရန်၊ တစ်ခါသုံးဆေးထိုးအပ်နှင့် ပြွန်များကိုသာ အသုံးပြုရန်၊ အပ်စိုက်ရာတွင်လည်းကောင်း၊ ဆေးမင်ကြောင်ထိုးရာတွင်လည်းကောင်း စနစ်တကျ ပိုးသတ်ထားသော ကိရိယာများ သုံးစွဲရန်၊ စနစ်တကျ စစ်ဆေးပြီးသော သွေးသွင်းမှုကိုခံယူရန်၊ သွားပွတ်တံ၊ မုတ်ဆိတ်ရိတ်ဓား စသည့် ပစ္စည်းများကို မျှဝေသုံးစွဲခြင်း မပြုရန်၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကို ရှောင်ကြဉ်ရန်တို့ကိုလည်း အသိတရားဖြင့် သတိထားကြရပါမည်။

ယနေ့ ကမ္ဘာပေါ်ဝယ် ၂၀၁၆- ခုနှစ် စာရင်းဇယားများအရ HIV ပိုးရှိသူ ၃၆ ဒသမ ၇ သန်း ရှိနေပြီး လူတစ်သန်းမှာ AIDS ရောဂါဖြင့် သေဆုံးကြရကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ၂၀၁၆ ခုနှစ်စာရင်းအရ HIV ပိုး ကူးစက်ခံရသူ ၂၃၀၀၀၀ ရှိပြီး AIDS ရောဂါဖြင့် သေဆုံးသူ ၇၈၀၀ ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် HIV/AIDS ဖြစ်ပွားမှုနှုန်း အများဆုံးအဖြစ် ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့က အစဉ်လိုက် ရပ်တည်နေကြောင်း သိရသည်။ ကချင်ပြည်နယ်တွင် မူးယစ်ဆေးဝါးအကြောတွင်းထိုးသူများနှင့် သူ၏လိင်ဆက်ဆံဖော်တို့တွင် အများဆုံးဖြစ်ပွားနေကြောင်းကို ကချင်ပြည်နယ် ခုခံအားကျ/ကာလသားတိုက်ဖျက်ရေးဌာနမှ သိရသည်။

## လူငယ်များအတွင်း အဖြစ်များ

ဤရောဂါသည် များသောအားဖြင့် အားကောင်းမောင်းသန်လူငယ်များအတွင်း အဖြစ်များပြီး လူသားတို့၏ ကာယ၊ ဉာဏ၊ ဝီရိယ စွမ်းအားတို့ကို ရိုက်ချိုးပစ်နေသည်ဖြစ်၍ လွန်စွာ စိုးရိမ်ဖွယ်ရာဖြစ်၏။ သို့ကြောင့်လည်း မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ် မေလတွင် ကျင်းပခဲ့သော (၇၁) ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံအပြီးတွင် ဘော့ဆွာနာနိုင်ငံ၊ အီရန်နိုင်ငံ၊ နော်ဝေနိုင်ငံတို့နှင့်အတူ "အိတ်ချ်အိုင်ဗွီပိုး ကူးစက်မှု ကာကွယ်ရေးမဟာမိတ်အဖွဲ့" သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ကာ ၂၀၁၆ ခုနှစ် HIV/AIDS ဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းတွင် ဖော်ပြပါရှိသည့် ၂၀၂၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံး အတိုင်းအတာအားဖြင့် အိတ်ချ်အိုင်ဗွီပိုးအသစ် ကူးစက်ခံရမှု အရေအတွက်ကို ၅၀၀၀၀၀ အောက် (ရာခိုင်နှုန်းအားဖြင့် ၇၅ ရာခိုင်နှုန်း) အထိ လျှော့ချရေးနှင့် ၂၀၃၀ ပြည့်နှစ်တွင် HIV ပိုးကူးစက်မှု ကင်းဝေးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းရေး ရည်မှန်းချက်ပြည့်မီရန်အတွက် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် HIV ပိုးအသစ်ကူးစက်ခံရမှု ရပ်တန့်စေရေး လမ်းပြမြေပုံ၊ လုပ်ငန်းစဉ် ၁၀ ရပ်ကိုလည်း အကောင်အထည်ဖော်နေပါသည်။ ဤသို့ ဆောင်ရွက်ရာတွင် အောင်မြင်မှုများ ရှိသော်လည်း ပုန်းကွယ်နေသည့် လူနာများရှိနေနိုင်ကြောင်း၊ ထိုလူနာများကို ဖော်ထုတ်ရန် လိုအပ်ကြောင်းကိုလည်း ဧပြီ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံက လက်ခံကျင်းပသည့် အာဆီယံမြို့ကြီးများ၌ HIV ကင်းစင်ရေးဒေသဆိုင်ရာ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားခဲ့ပါသည်။

ယနေ့ ကမ္ဘာကြီးတွင် ၁၉၈၀ လောက်က HIV မှ AIDS သို့ ဖြစ်ပွားကာ သေဆုံးမှု အရေအတွက်နှင့် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း HIV မှ AIDS သို့ ဖြစ်ပွားမှုနှုန်းက မတူတော့ပါ။ ၁၉၈၅ တွင် HIV ကူးစက်ခံရလျှင် သေဆုံးရန် ရာနှုန်းပြည့်နီးပါးဖြစ်သော်လည်း ယခုအခါ အသက်ရှင်သန်နိုင်ခြေ မြင့်မားလာပါသည်။ HIV လူနာများသည် အိုမင်းသည်အထိ ရှင်သန်နိုင်ကြပါပြီ။ အဘယ်ကြောင့်ဆိုသော် လူအတော်များများက သံသယရှိလျှင် သို့တည်းမဟုတ် ကြိုတင်၍ HIV ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခြင်း၊ တွေ့ရှိပါက ရောဂါတိုးနှုန်းကို လျော့နည်းထိန်းချုပ်သည့် အေအာတီ (Anti- Retroviral Therapy-ART) ကုထုံးဖြင့် ကုသမှု ခံယူနေကြသောကြောင့် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၁၅ ခုနှစ်မှ စတင်၍ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အေအာတီဆေးဝါးဖြင့် ကုသပေးလျက်ရှိရာ ၂၀၁၈ ခုနှစ် ဇွန်လကုန်အထိကို အေအာတီဆေးဝါးဖြင့် အခမဲ့ကုသပေးလျက်ရှိပြီး ၎င်းလူနာများအနက် လူနာ ၁၁၀၀၀၀ ကျော် ဖွင့်လှစ်ကုသပေးလျက်ရှိကြောင်း သိရပါသည်။

## လူ့စွမ်းအား အရင်းအမြစ်ရိုက်ချိုး

အနှစ်ချုပ်အားဖြင့် တင်ပြလိုသည်မှာ လူ့စွမ်းအားအရင်းအမြစ်ကို ရိုက်ချိုးပစ်နေသော ဤခုခံအားကျရောဂါကို ကမ္ဘာကြီးမှ အပြီးတိုင် မောင်းထုတ်နိုင်ရန်အတွက် (၁) HIV ကာကွယ်ဆေး (Preventive Vaccine)၊ (၂) HIV မှ AIDS အဆင့်သို့ မရောက်စေရန် တားဆီးဆေး (Therapeutic Vaccine) နှင့် (၃) ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသား မကူးစက်ရန် တားဆီးကာကွယ်ဆေး (Perinatal Vaccine) တို့ကို ပညာရှင်များက တီထွင်ကြိုးစားနေရာ မအောင်မြင်သေးသည့် ကြားကာလဝယ် ကျန်းမာရေးအသိရှိပြီး ကျန်းမာရေးကို အလေးထားသူတိုင်းက အပန်းမကြီးသည့် HIV ပိုး ရှိ၊ မရှိ သွေးစစ်ဆေးကြည့်သင့်ပါကြောင်း နှိုးဆော်တိုက်တွန်းလိုက်ရပေသည်။ ။




# ကြေးမုံစာအုပ်စင်စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်း ဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## တစ်နှစ်တာ ဓနသိဒ္ဓိနက္ခတ်ပေါ်မွန်းတည့်မျဉ်းဖြတ်ဇယားနှင့်မဟာဝေဒဗ္ဗမန္တန်တော်ရွတ်ပွားနည်း




စာရေးသူ ပညာဒီပက ပြုစုရေးသားသော တစ်နှစ်တာ ဓနသိဒ္ဓိနက္ခတ်ပေါ် မွန်းတည့်မျဉ်းဖြတ်ဇယားနှင့် မဟာဝေဒဗ္ဗမန္တန်တော် ရွတ်ပွားနည်းစာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် ဓနသိဒ္ဓိနက္ခတ်ပေါ် မွန်းတည့်မျဉ်းဖြတ်ဇယားကို ၂၀၁၉ ခုနှစ်အတွက် အနေးတွက်ချက်ဖော်ပြထားခြင်းဖြစ်ပြီး (၅၄) မိနစ်မျှကာလအတွင်း မဟာဝေဒဗ္ဗမန္တန်တော်ကြီးကို ရွတ်ပွားပူဇော်ခြင်းဖြင့် ငွေလာဘ်လာဘများနှင့် ရွှေငွေရတနာများ လူတစ်ဦးချင်းစီ၏ ကံအလျောက်ရရှိမည်။ ပမာဏကွာခြားတတ်သော်လည်း ကံနည်းသူများပင် လက်တွင်ငွေပြတ်မသွားသောအကျိုးကို ခံစားရမည်ဟု ယုံကြည်သည်။

စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ် (၂၃၇)၊ ပထမထပ်၊ ၃၉ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၇၇၃၇၇၄၇၃၃ မှ တန်ဖိုးငွေကျပ် ၇၀၀ ဖြင့် ဖြန့်ချိထားသည်။

## အနာဂတ်၏ခေါင်းဆောင်မှုပညာ




ဆရာကြီးပါမောက္ခဒေါက်တာအောင်ထွန်းသက် ပြုစုရေးသားသော အနာဂတ်၏ ခေါင်းဆောင်မှုပညာ (The Future of Leadership) စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် ယနေ့မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် လူငယ်များ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် လည်းကောင်း၊ ဦးဆောင်သူနှင့် ဝန်ထမ်းများရှိထားသင့်သည့် အရည်အချင်းများ၊ ကျင့်ကြံလိုက်နာသင့်သည့် ရည်မှန်းချက်များနှင့် မျှော်လင့်ချက်များ၊ လူငယ်များ လုပ်ငန်းအောင်မြင်စေရန် နေရာပေးပိုင်ခွင့် ပေးရမည့်အချက်များ၊ Customer များအပေါ် ထားရှိရမည့် စိတ်ထား၊ ဝန်ဆောင်မှုနှင့် လုပ်ငန်းယှဉ်ပြိုင်ရမည့်အကြောင်းများ၊ လူငယ်များ လုပ်ငန်းအပေါ် မည်သို့မည်ပုံ စိတ်ထား၍ ဦးဆောင်ရမည်ဆိုသည့် အကြောင်းများကို ဆရာကြီး၏ ဟောပြောအကြံပြုချက်များနှင့်တကွ ရေးသားထားသည်။

စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ် ၂၃၇ (ပထမထပ်-ဝဲ)၊ ၃၉ လမ်း (အပေါ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁၈၃၉၂၈၃၅၊ ၀၉-၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိထားသည်။

## စစ်အုပ်ချုပ်ရေးမှ ဒီမိုကရေစီသို့ အောင်မြင်သော မြန်မာနိုင်ငံအဖြစ် ထူထောင်လိုသောဆန္ဒရှိသူများအတွက် သုရဦးရွှေမန်း၏ ဆွေးနွေးတင်ပြချက်များ

အဆိုပါစာအုပ်တွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ မဇ္ဈိမတီဗွီ အင်တာဗျူးများ၊ DVB Debate အစီအစဉ်တွင် ရှင်းလင်းဖြေကြားမှုများ၊ သတင်းမီဒီယာတွင် ဖော်ပြခဲ့မှုများကို စုစည်းဖော်ပြထားသည်။ စာအုပ်ပါ အကြောင်းအရာများကို ဖတ်ရှုခြင်းဖြင့် နိုင်ငံအခြေအနေ၊ အဖွဲ့အစည်းများ၏ အခြေအနေ၊ လူပုဂ္ဂိုလ်တို့၏ အခြေအနေများကို တွေ့ဆုံမေးမြန်းဖြေကြားမှုမှတစ်ဆင့် သိမြင်ပြီး သင်ခန်းစာများ၊ ရှောင်ရန် ဆောင်ရန်များနှင့် တာဝန်ကျေစွာ ဆောင်ရွက်ခြင်းဖြင့် အောင်မြင်သော မြန်မာနိုင်ငံအဖြစ် ထူထောင်လိုသော ဆန္ဒရှိသူများအတွက် တစ်စုံတစ်ခုသော အသိသတိများရရှိနိုင်ရန် ရည်ရွယ်ရေးသားထားသည်။

စာအုပ်ကို ပန်းဆွေမွန်စာပေ အမှတ် (၂၆) အောင်သပြေရှေ့ (၁) လမ်း၊ ၇/အရှေ့ရပ်ကွက် သာကေတမြို့နယ်၊ ရန်ကုန်မြို့။ Myanmar Heritage bulications ဖုန်း-၀၉၉၆၄၂၄၃၈၉၃ မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိထားသည်။



## မန္တလေးမဟာမုနိတံတိုင်းအတွင်းရှိကျောက်စာများ (နဝမတွဲ)

ဒေါ်အုန်းကြည်(အဖွဲ့ဝင်) မြန်မာသမိုင်းအဖွဲ့ ရေးသားပြုစုသော မန္တလေးမဟာမုနိတံတိုင်းအတွင်းရှိကျောက်စာများ (နဝမတွဲ) စာအုပ်မှာ မြန်မာနိုင်ငံတွင် ကုသိုလ်ကောင်းမှုများကို ကျောက်စာရေးထိုး၍ မှတ်တမ်းတင်သည့် ဓလေ့ ပုဂံခေတ်ကတည်းကပင် တွေ့ရှိနိုင်ပေသည်။ မြန်မာနိုင်ငံပဒေသရာဇ်ခေတ်မှ မင်းများ၊ မိဖုရားများ၊ သားတော် သမီးတော်များ၊ မှူးမတ်များ၊ မြို့စားရွာစားများ၊ မင်းမှုထမ်းများ၊ ပြည်သူများက ဘုရား၊ ကျောင်း၊ သိမ် ဆောက်လုပ်၍ သာသနာ့ငါးထောင် တည်စေရန် အထောက်အပံ့ဖြစ်စေခြင်းငှါ ရွာ၊ မြေ၊ ထန်၊ ဥယျာဉ်နှင့်ကျွန်များကို လှူဒါန်းကြလေသည်။ ထိုကုသိုလ် ကောင်းမှုများကို နောင်လာနောက်သားများ သိရှိစေရန်လည်းကောင်း၊ လှူဒါန်းထားသည့် အရာများ ထိပါးကျူးကျော်ဖျက်ဆီးခြင်း မပြုနိုင်ရန်လည်းကောင်း၊ လှူဒါန်းသော ရွာများ၏အမည် မြေများ၏ ပယ်အရေအတွက်၊ အကျယ်အဝန်း၊ အရပ်လေးမျက်နှာရှိ နယ်နိမိတ်ကျွန်းများ၏ အမည်၊ အိမ်ထောင်ဦးရေ၊ လူဦးရေတို့ကို ကျောက်စာရေးထိုး၍ မှတ်တမ်းတင်ခဲ့ကြသည်။ ထိုသို့ မှတ်တမ်းတင်ထားသော ကျောက်စာများအနက် မန္တလေးမဟာမုနိတံတိုင်းအတွင်းရှိ ကျောက်စာများကို အဋ္ဌမတွဲအထိ ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ယခု အင်းဝခေတ် ပထမမင်းခေါင်း (၁၄၀၀-၁၄၂၃) မှ နရပတိမင်း (၁၄၄၂-၁၄၆၈) လက်ထက်အထိ ရေးထိုးလှူဒါန်းခဲ့သော ကျောက်စာတိုင် ၇၄ တိုင်အထိ နဝမတွဲအဖြစ် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်ပါသည်။

စာအုပ်ကို သမိုင်းသုတေသနနှင့်အမျိုးသား စာကြည့်တိုက်ဦးစီးဌာန၊ နေပြည်တော်၊ ရုံးအမှတ် (၃၅)၊ ဖုန်း ၀၆၇-၄၀၈၃၈၄၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၊ ကုမုဒြာကြာပန်းဝိုင်းအနီး၊ ဖုန်း ၀၆၇-၄၁၈၄၂၆ နှင့် ရန်ကုန်မြို့ ပြည်လမ်း၊ အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ ဖုန်း ၀၁-၃၉၅၁၉၀၊ ၃၉၅၁၉၂ တို့တွင် တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။



## Adobe Photoshop CC 2017

ကွန်ပျူတာပညာ လေ့လာလိုက်စားလိုသူများအတွက် စာရေးသူ Min Nyein စီစဉ်ရေးသားပြုစုသည့် Adobe Photoshop CC 2017 စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် System Requirement, Install လုပ်ခြင်း၊ အခြေခံ Menu များ၊ Import Image,Colour Channels, Tools Panel, Option bara. Guides မျဉ်းများကိုနေရာရွှေ့ခြင်း၊ Canvas Guide.Pen Tool အသုံးပြုခြင်း၊ Gradient, Photo Repair, Patch tool အသုံးပြုပြီး ဓာတ်ပုံပြင်ဆင်ခြင်း၊ Clone stamp Tool ကို အသုံးပြုပြီး ဓာတ်ပုံပြင်ဆင်ခြင်း၊ nopen, import images, Black and White ပုံပြောင်းလဲခြင်း၊ Colour ပြောင်းလဲခြင်း၊ ပုံအပေါ် Grid အကွက်များထည့်ပြီး ဒီဇိုင်းဖန်တီးခြင်း၊ Filter Gallery, Warp images, Puppet Warp၊ ရေအောက်မြင်ကွင်းတွင် နာရီပေါင်းစပ်ထည့်ခြင်း၊ စာတန်းအလှဖန်တီးခြင်း၊ စာတန်းပေါ်တွင် မီးတောက်များထည့်ခြင်း စသည့်ပြုလုပ်နည်းများကို ထည့်သွင်းထားသည်။

စာအုပ်ကို ပစ်တိုင်းထောင်စာပေ အမှတ်-၃၆၇၊ ဗိုလ်ဆွန်ပက်လမ်းထိပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်း မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၂၅၁၄၅၀နှင့် ၀၉-၇၉၈၄၃၁၁၄၂ တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ဖြင့် ဖြန့်ချိသည်။




## မြန်မာသမိုင်းသုတေသနစာစောင်အမှတ်(၃၅)

သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် မြန်မာသမိုင်း သုတေသနစာစောင်ကို ၁၉၉၅ ခုနှစ်မှ စတင်၍ ထုတ်ဝေခဲ့ရာ ၂၀၁၈ ခုနှစ်တွင် သုတေသန စာစောင် အမှတ် (၃၄) အထိ ပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့ရာ ယခု အမှတ် (၃၅) တိုင် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ယခုပုံနှိပ်ထုတ်ဝေဖြန့်ချိလိုက်သော မြန်မာသမိုင်းသုတေသနစာစောင် အမှတ် (၃၅) တွင် မြန်မာသမိုင်းအဖွဲ့၊ အဖွဲ့ဝင်ပညာရှင်ကြီးများ၏ သုတေသနစာတမ်းများ၊ မြန်မာနိုင်ငံ တက္ကသိုလ်အသီးသီးရှိ သမိုင်းဌာနနှင့် ရှေးဟောင်းသုတေသနမှ ဆရာ၊ ဆရာမများ၏ သုတေသနစာတမ်းများ၊ သမိုင်းသုတေသနဌာနမှ သုတေသနဝန်ထမ်းများနှင့် ပြင်ပသုတေ သီများ၏ သုတေသနပြုချက်မှ ရရှိလာသော ခေတ်ကာလအသီးသီးအလိုက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်သက်ဆိုင်သည့် သုတေသနစာတမ်းများ ပြုစုရေးသား ထုတ်ဖော်ထားသည်ကို ဖတ်ရှုလေ့လာနိုင်မည်ဖြစ်ပါသည်။

စာအုပ်ကိုသမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန နေပြည်တော် ရုံးအမှတ် (၃၅) ဖုန်း ၀၆၇-၄၀၈၃၈၄၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ကုမုဒြာကြာပန်းဝိုင်းအနီး ဖုန်း ၀၆၇-၄၁၈၄၂၆ နှင့် ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ဖုန်း ၀၁-၃၉၅၁၉၀၊ ၃၉၅၁၉၂ တို့တွင် တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။




## မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးရေးဖြင့်ငြိမ်းချမ်းရေး(၁၉၆၃-၁၉၈၈)

